# ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်၊ အင်္ဂါနေ့၊ (21-8-2007) (၅၄၁၆)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အမျိုးသားညီလာခံ စုံညီအစည်းအဝေး ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက် စာတမ်းများကို ကောက်နုတ်စုစည်းတင်ပြ



ရန်ကုန် ဩဂုတ် ၂၀

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက် စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့က ကောက်နုတ်စုစည်းတင်ပြသည်။**

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၁)၊


**စာမျက်နှာ ၃ ကော်လံ ၁ သို့** *


**အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။** (အပေါ်ပုံ) (သတင်းစဉ်)

## အမျိုးသားညီလာခံ ဆွေးနွေးအကြံပြုချက် စာတမ်းများကို ဆက်လက်ဖော်ပြသွားပါမည်

ရန်ကုန် ဩဂုတ် ၂၀

**အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက် စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိ အဖွဲ့ဝင်များဖြစ်ကြသော ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီး၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့်နှင့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်ဝင်းထွန်းတို့ ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်များကို ဆက်လက်ဖော်ပြသွားမည် ဖြစ်ပါသည်။** (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၂၁-၈-၂၀၀၇
(အင်္ဂါနေ့)

# တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ တိုးတက်သင်ကြား

နိုင်ငံတော်က နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုစီးပွားဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများစွာကို တိုးမြှင့်တည်ဆောက်ပေးလျက်ရှိသည်။ တစ်ချိန်တည်းတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကိုလည်း ချမှတ်ဖော်ဆောင်ပေးနေသည်။

နယ်စပ်ဒေသများတွင် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးရှေးရှုပြီး အဆင့်မြင့်ပညာတတ်ကျွမ်းသည့် အသိပညာရှင် အတတ်ပညာရှင်များကို လေ့ကျင့်ပျိုးထောင်ပေးနေသည်။ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ၂၀၀၀ ပြည့်နှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ အဆိုပါကောလိပ်နှစ်ခုမှ ဘွဲ့ရတိုင်းရင်းသားလူငယ် ငါးရာကျော်ကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ထိုနည်းတူ နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာရပ်များ တတ်မြောက်ရေး၊ နယ်စပ်ဒေသ မြို့ပြစီမံကိန်းများနှင့် စက်မှုလုပ်ငန်းများ ထူထောင်ရာတွင် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာရေးတို့အတွက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ၂၇ ကျောင်းကိုလည်း ဖွင့်လှစ်၍ ပညာသင်ကြားပေးလျက်ရှိသည်။

ယခုအခါ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများကို စစ်တွေ၊ လောက်ကိုင်၊ ပန်ဆန်းနှင့် မိုင်းလားမြို့တို့တွင် ဖွင့်လှစ်ပေးထားသည်။ တိုင်းရင်းသားလူငယ်လူရွယ်များသည် အဆိုပါသင်တန်းကျောင်းများတွင် အခမဲ့ နေထိုင်စားသောက်ခွင့်ရကြသကဲ့သို့ လက်တွေ့သင်တန်းသုံးပစ္စည်းများလည်း အခမဲ့အသုံးပြုသင်ကြားခွင့်ရကြသည်။

တိုင်းရင်းသားလူငယ်များသည် လက်သမား၊ ပန်းရန်၊ စက်ပြင်၊ လျှပ်စစ်ဂဟေဆက်၊ မော်တော်ယာဉ်စက်ပြင်စသည့် စက်မှုလက်မှုပညာရပ်များ တတ်မြောက်လာမှုနှင့်အတူ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်းဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုလျက်ရှိသည်။

နိုင်ငံတော်က နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ၏ စက်မှုစွမ်းရည်ဖွံ့ဖြိုးရေးအတွက် အဘက်ဘက်က တိုးမြှင့်သင်ကြားလေ့ကျင့်အားပေးမှုများနှင့်အတူ စက်မှုစွမ်းရည်မြင့်မားသော တိုင်းရင်းသားစက်မှုလက်မှု အတတ်ပညာရှင်များ ပိုမိုပေါ်ထွက်လာမည် ဖြစ်ပါသည်။ ။



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧကေ ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် အကြိုလှူဒါန်းပွဲအဖြစ် ပြည်တွင်း၊ ပြည်ပ ပိဋကတ်သုံးပုံ သာသနာပြု မိသားစုအဖွဲ့က အလှူငွေကျပ် သိန်း၂၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ဩဝါဒစရိယဆရာတော် ဦးလက္ခဏာရှေ့မှောက်၌ တာဝန်ခံ သဒ္ဓမ္မဇောတိကဓဇ သီဟသုဓမ္မ မဏိဇောတဓရ ရွှေမြင့်တင်ဦးညိုထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆင်ဟွာသတင်းဌာနမှ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဗျူရိုအကြီးအကဲနှင့်အဖွဲ့လာရောက်တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၀

**ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆင်ဟွာသတင်းဌာနမှ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဗျူရိုအကြီးအကဲ Mr. Xue Yongxing နှင့် အဖွဲ့သည် ယနေ့ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံသည်။** (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

**မြန်မာ့အားကစား အောင်နိုင်ရေးကော်မတီ၏ အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၁၉ ရက်က အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ) ပတ္တမြား ခန်းမတွင် ကျင်းပရာ ရွှေနဂါးမင်းကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းမြင့်က ငွေကျပ် ၁၀ သိန်းကို မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ(၁) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)




## ပြည့်စုံအေးသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဩဂုတ် ၂၀**

မြောက်ဥက္ကလာပမြို့နယ် သုနန္ဒာလမ်း မဟာစည်ဩဝါဒခံ ပြည့်စုံအေးသာသနာ့ရိပ်သာတွင် သံဃာတော်အပါး ၃၀ တို့အား (၁၀)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဩဂုတ် ၂၆ရက် နံနက် ၉နာရီတွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ဝါဆိုသင်္ကန်းတစ်စုံလျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် ဖုန်း- ၆၉၀၀၃၅၊ ၀၉၅၃၅၁၄၂၉ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က-ပ)

# တာလီဘန်တို့ကို လက်နက်တပ်ဆင်ပေးသည်ဆိုသော အမေရိကန်၏ စွပ်စွဲချက် အီရန်သမ္မတပယ်ချ

**တီဟီရန် ဩဂုတ် ၁၉**

အိမ်နီးချင်း အာဖဂန်နစ္စတန်နိုင်ငံရှိ တာလီဘန် ပြောက်ကျားများအား လက်နက်တပ်ဆင်ပေးနေသည်ဆိုသော အမေရိကန်အစိုးရ၏ စွပ်စွဲချက်ကို အီရန်သမ္မတ မာမွတ်အာမက်နီဂျက်က ဩဂုတ် ၁၇ရက်တွင် ပယ်ချလိုက်သည်။

အီရတ်နိုင်ငံမှ ပေးပို့သော လက်နက်များ အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ ဝင်ရောက်နေသည်ဟု အမေရိကန်တာဝန်ရှိသူများက စွပ်စွဲခဲ့သည်။ အီရန်နိုင်ငံလုပ်လက်နက်များ နိုင်ငံအတွင်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်နေသည်ဟု ယုံကြည်ရန်မှာ ခဲယဉ်းကြောင်း အီရန်သမ္မတက ပြောကြားသည်။

တာလီဘန် ပြောက်ကျားများထံ ရောက်ရှိသွားသော လက်နက်များတွင် လမ်းဘေးထောင်ဗုံးများ ပါဝင်သည်ဟု ဆိုသည်။ အီရန်နိုင်ငံသည် လမ်းဘေးထောင်ဗုံးများကို အီရတ်နိုင်ငံသို့ ပေးပို့နေသည်သာမက တာလီဘန် ပြောက်ကျားများထံသို့လည်း ပေးပို့နေသည်ဟု အမေရိကန်တာဝန်ရှိသူများက ပြောကြားကြသည်။

အမေရိကန်၏ စွပ်စွဲချက်မှာ လုံးဝမှန်ကန်ခြင်းမရှိကြောင်း အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ အီရန်သမ္မတက ပြောကြားသည်။

***အင်တာနက်။***

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

# ၂၀၀၈ခုနှစ် ပေကျင်း အိုလံပစ်မီးရှူးတိုင် သယ်ဆောင်မည့်လမ်း ပြင်ဆင်

**ပေကျင်း ဩဂုတ် ၁၉**

၂၀၀၈ခုနှစ် ပေကျင်း နွေရာသီအိုလံပစ် အားကစားပွဲတော် အထိမ်းအမှတ်အဖြစ် အိုလံပစ် မီးရှူးတိုင်ကို ဧဝရက်တောင်ခြေရှိ စခန်းသို့ သယ်ဆောင်မည်ဖြစ်သည်။ တရုတ်နိုင်ငံ တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒင်ဂရီခရိုင်ရှိ အဝေးပြေးလမ်းမှာ ဧဝရက်တောင်ခြေစခန်းသို့ ဦးတည်နေပြီး ၁၀၈ ကီလိုမီတာရှည်သည်။ ယင်းလမ်းကို ယခုအခါ ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ဩဂုတ် ၁၈ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

***အင်တာနက်။***

## ဂါဇာဒေသတွင် မြေအောက်ဥမင်လိုဏ်တွေ့ရှိ

**ဂျေရုဆလင် ဩဂုတ် ၁၉**

ဂါဇာကမ်းမြောင် မြောက်ပိုင်းမှ အစ္စရေးနိုင်ငံသို့ ဦးတည်ဖောက်လုပ်ထားသည့် မြေအောက်ဥမင်လိုဏ်တစ်ခုကို အစ္စရေးတပ်ဖွဲ့ဝင်များက တွေ့ရှိကြောင်း အစ္စရေးစစ်ဘက်က သောကြာနေ့တွင် ပြောကြားသည်။

ဥမင်လိုဏ်ကို ဂါဇာကမ်းမြောင်မြောက်ပိုင်းတွင် တွေ့ရှိခဲ့ပြီး ယင်းလိုဏ်ခေါင်းသည် ခရမ်းချဉ်သီး စိုက်ရာတွင် အသုံးပြုသည့် မှန်လုံအိမ်နှင့်ဆက်ထားကာ နယ်စပ်ခြံစည်းရိုးမှ မီတာ ၇၀၀အကွာတွင်ရှိသည်ဟု အစ္စရေး ကာကွယ်ရေးတပ်ဖွဲ့(အိုင်ဒီအက်ဖ်)၏ ပြောရေးဆိုခွင့်ရှိသူက ဆင်ဟွာသတင်းဌာနသို့ အတည်ပြုပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

*** ရှေ့ဖုံးမှ**

ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) (KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP) (နဂါး)အဖွဲ့၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ (ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာကရင် အမျိုးသားအစည်းအရုံး (DKBA)၊ ဟောင်သရောအထူးဒေသအဖွဲ့၊ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည် ကွန်မြူနစ်ပါတီ (ရခိုင်အဖွဲ့)၊ ရခိုင်တပ်မတော် (AA) အဖွဲ့၊ ဟိုမိန်း ဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး (MTA)အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)နှင့် မွန်(ခွဲထွက်)နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်က ဆောင်ရွက်ပြီး သဘာပတိ အဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီမှ ဦးမျိုးသန့် (မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောဖီးလစ် (ခေါ်) ဦးဖီးလစ်ဆမ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီး၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကံညွန့်၊ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့်၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးတင်ခနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဒေါက်တာ မနန်တူးဂျာတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၇၁ ဦးရှိပြီး ညီလာခံကိုယ်စားလှယ် ၁၀၄၆ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၆၇ ရာခိုင်နှုန်းရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက် စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့က ကောက်နုတ်စုစည်း တင်ပြရာ ရှေးဦးစွာ အမျိုးသားညီလာခံ စုံညီအစည်းအဝေးအလှည့်ကျ သဘာပတိအဖွဲ့ဝင် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးတင်ခက ကောက်နုတ်စုစည်းချက်ကို စတင်ဖတ်ကြားတင်ပြသည်။



အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အလှည့်ကျသဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

**(အလှည့်ကျ သဘာပတိအဖွဲ့ဝင် ဦးတင်ခ ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်ကို စာမျက်နှာ ၄ ၌ ဖော်ပြထားပါသည်။)**

ဆက်လက်၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဒေါက်တာ မနန်တူးဂျာနှင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီမှ ဦးမျိုးသန့်(မောင်ဆုရှင်)တို့က ကောက်နုတ်စုစည်းချက်များကို ဖတ်ကြားတင်ပြကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၉ နာရီ မိနစ် ၅၀ တွင် ခေတ္တရပ်နားသည်။

**(အလှည့်ကျသဘာပတိအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမနန်တူးဂျာနှင့် ဦးမျိုးသန့် (မောင်ဆုရှင်)တို့ ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်များကို စာမျက်နှာ ၅ နှင့် ၆ တို့တွင် ဖော်ပြထားပါသည်။)**

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ ၅ မိနစ်တွင် ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက် စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်)ဦးဖီးလစ်ဆမ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီး၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်တို့က ကောက်နုတ် စုစည်းချက်များကို ဆက်လက်ဖတ်ကြားတင်ပြကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် ခေတ္တရပ်နားသည်။

**(အလှည့်ကျသဘာပတိ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ် ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်ကို စာမျက်နှာ ၇ တွင် ဖော်ပြထားပြီး အလှည့်ကျသဘာပတိအဖွဲ့ဝင်များဖြစ်ကြသည့် ဦးမောင်ကြီးနှင့် ဦးမောင်လှ(ခေါ်) ဦးလှမြင့်တို့ ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်များကို ဆက်လက်ဖော်ပြသွားပါမည်။)**

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက် စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသည့် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကံညွန့်နှင့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဝင်းထွန်းတို့က ကောက်နုတ် စုစည်းချက်များကို ဆက်လက်ဖတ်ကြားတင်ပြကြပြီး အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်သည်။

**(အလှည့်ကျ သဘာပတိအဖွဲ့ဝင် များဖြစ်ကြသည့် ဦးကံညွန့်နှင့် ဦးကျော်ဝင်းထွန်းတို့ ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်များကို ဆက်လက်ဖော်ပြသွားပါမည်။)**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဩဂုတ် ၂၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

## လောက်ကိုင်မြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ လောက်ကိုင်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း သင်တန်းအမှတ်စဉ်(၂)ဆင်းပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၈ နာရီတွင် အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ လောက်ကိုင်တပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမောင်၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)မှ တိုင်းရင်းသား ခေါင်းဆောင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ဗိုလ်မှူးချုပ် ဝင်းမောင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုရရှိသူ မောင်အောင်အောင်အား ဆုချီးမြှင့်သည်။ ဆက်လက်၍ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းက သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဧည့်သည်တော်များသည် သင်တန်းသားများ၏ လက်တွေ့လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးကြသည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်ကျောင်းကို နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာရပ်များ တတ်မြောက်၍ အသက်မွေးဝမ်းကျောင်း လုပ်ငန်း လုပ်ကိုင်နိုင်ခြင်းဖြင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နယ်စပ်ဒေသများ၌ မြို့ပြစီမံကိန်းများနှင့် စက်မှုလုပ်ငန်းများ ထူထောင်ရာတွင် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ် ပေးခဲ့ခြင်းဖြစ်သည်။ သင်တန်းအမှတ်စဉ် (၂)တွင် အခြေခံအဆောက်အအုံ သင်တန်းသို့ သင်တန်းသား ၁၀ ဦး၊ စက်ပြင် သင်တန်းသို့ သင်တန်းသား ၁၀ ဦး၊ လျှပ်စစ်ဂဟေ သင်တန်းသို့ သင်တန်းသား ၁၀ ဦး စုစုပေါင်း သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၂၄ ပတ် ကြာမြင့်ကာ သင်တန်းကာလအတွင်း သင်တန်းသားများ နေထိုင်စားသောက်ရေးနှင့် လက်တွေ့သင်တန်းသုံး ပစ္စည်းများအားလုံး အခမဲ့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဩဂုတ် ၁၃ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ပညာပေးဟောပြောပွဲကို ဓမ္မရက္ခိတဓမ္မာရုံတွင် ပြုလုပ်ရာ ကန်တော်ကလေး (အနောက်) ရပ်ကွက် ဥက္ကဋ္ဌ ဦးရန်အောင်ဌေးက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးစဉ်။**

(၃၂)




## စစ်တောင်းမြစ်ရေ မဒေါက်မြို့၌ စိုးရိမ်ရေမှတ် အထက်တွင် ဆက်လက်ရှိ

နေပြည်တော် ဩဂုတ် ၂၀

**စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၂၉ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ ၅၉ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။**

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၁-၈-၂၀၀၇ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| **၇:၀၀** | ၁။ | မြဝတီအဖွင့် |
| **၇:၀၅** | ၂။ | အဖွင့်သီချင်း |
| **၇:၁၀** | ၃။ | မျိုးချစ်တပ်မတော် |
| **၇:၂၀** | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| **၇:၃၀** | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| **၇:၄၅** | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| **၇:၅၀** | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| **၇:၅၅** | ၈။ | အမျိုးသားရေးတေးကဗျာ |
| **၈:၀၀** | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| **၈:၁၀** | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| **၈:၁၅** | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| **၈:၁၆** | ၁၂။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| **၄:၀၀** | ၁။ | မြဝတီအဖွင့် |
| **၄:၀၅** | ၂။ | အဖွင့်သီချင်း |
| **၄:၁၀** | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| **၄:၁၅** | ၄။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| **၄:၃၅** | ၅။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| **၄:၅၅** | ၆။ | မျိုးချစ်တပ်မတော် |
| **၅:၀၀** | ၇။ | ပညာခေတ် |
| **၅:၄၀** | ၈။ | သာယာသီကြွေးခေတ်ဆန်းတေး |
| **၆:၀၀** | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| **၆:၁၀** | ၁၀။ | နိုင်ငံတကာသတင်း |
| **၆:၂၀** | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| **၆:၃၅** | ၁၂။ | လျှပ်တစ်ပြက်ရိုက်ချက် |
| **၆:၄၀** | ၁၃။ | ဝတ်စားဆင်ယင်လှစေချင် |
| **၇:၀၀** | ၁၄။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပဲပေါင်မုန့် (အပိုင်း-၂၄)** |
| **၈:၀၀** | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | မိုးလေဝသသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | မွေးမြူသုတ |
| | ၁၉။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - သေကံမရောက် (အပိုင်း-၁၈)** |
| | ၂၁။ | သင့်အတွက်မနက်ဖြန် |
| | ၂၂။ | အပိတ်နှုတ်ဆက်စကား |
| | ၂၃။ | ပြီးပါပြီ။ |

# “လူဦးရေကို အခြေခံ၍ ရွေးကောက်တင်မြှောက်သည့်လွှတ်တော်” ဆိုသည့် အသုံးအနှုန်းအစား “မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ရွေးကောက်တင်မြှောက်သည့်လွှတ်တော်” ဟု ပြင်ဆင်သုံးနှုန်းသင့်

ရန်ကုန် ဩဂုတ် ၂၀

**အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက် စာတမ်းများအပေါ် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးတင်ခ ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်–**

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၆) ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

“၁၉၉၆ ခုနှစ်၊ မတ်လ (၂၈)ရက်တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီ အစည်းအဝေးက ပြည်သူ့လွှတ်တော် ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး–

**“ ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်–**

**(က) လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦးထက်မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊**

**( ခ ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ ဦးထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ”**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ခဲ့ပါတယ်။

ယင်းသို့ ပြည်သူ့လွှတ်တော်အား လူဦးရေကိုအခြေခံသည့် လွှတ်တော်ဟု သုံးနှုန်းထားခြင်းအားဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာတွင် လူဦးရေကို အခြေခံ၍ ရွေးကောက်တင်မြှောက်ရန် ရှိနေမှာဖြစ်ပါတယ်။ အဲဒီလို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်ရမည်ဟု မူတစ်ရပ်ပါရှိသွားပါက တစ်မြို့နယ်လျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်နိုင်ရန် မဖြစ်တော့ကြောင်း တွေ့ရှိရပါတယ်။

လူဦးရေကိုအခြေခံ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်မည် ဆိုပါက တိုင်းဒေသကြီးများက (၂၃၇) ဦးကို ရွေးကောက်တင်မြှောက်နိုင်သည့်အတွက် (၃၁) ဦး ပိုမိုရရှိပြီး၊ ပြည်နယ်များက (၉၃) ဦးကိုသာ ရွေးကောက်တင်မြှောက်နိုင်သည့်အတွက် (၃၁) ဦး လျော့နည်းရရှိမှာ ဖြစ်ပါတယ်။

လူဦးရေအရသော်လည်းကောင်း၊ မြို့နယ်အရသော်လည်းကောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်မည်ဆိုပါက တိုင်းဒေသကြီးများက (၂၀၆) ဦးကို ရွေးကောက်တင်မြှောက်နိုင်ပြီး ပြည်နယ်များက (၁၂၄)ဦးကို ရွေးကောက်တင်မြှောက်နိုင်မှာဖြစ်တဲ့အတွက် ပြည်နယ်များက (၃၁)ဦး ပိုမိုရွေးကောက်နိုင်မှာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ချမှတ်ထားတဲ့ အသေးစိတ်အခြေခံရမယ့်မူအရ ပြည်သူ့လွှတ်တော် ဖွဲ့စည်းရေးနဲ့ စပ်လျဉ်းပြီး လူဦးရေကိုအခြေခံ၍ မဲဆန္ဒနယ်များ သတ်မှတ်ပြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၃၀ ထက် မပိုစေဘဲ ရွေးကောက်တင်မြှောက်ရန် ဖြစ်ပါတယ်။

အကယ်၍ မြို့နယ်ပေါင်း ၃၃၀ ထက် ကျော်လွန်လာတဲ့အခါ ပြည်သူ့လွှတ်တော်အတွက် တစ်မြို့နယ်လျှင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးကောက်တင်မြှောက်မယ်ဆိုပါက ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးအတွက် သတ်မှတ်ထားတဲ့ ကိုယ်စားလှယ်ဦးရေ ၃၃၀ ထက် ကျော်လွန်သွားမှာ ဖြစ်ပါတယ်။

အဲဒါကြောင့် မြို့နယ်အသစ်များကို တိုးချဲ့ဖွဲ့စည်းတဲ့အခါ မြို့နယ်ပေါင်း ၃၃၀ ထက် ကျော်လွန်လာပါက အသစ်ဖွဲ့စည်းလိုက်တဲ့ မြို့နယ်တွေကို ဆက်စပ်နေတဲ့ မြို့နယ်တစ်ခုခုနဲ့ ပူးပေါင်းပြီး ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များကို သတ်မှတ်ပေးသင့်ပါတယ်။ အဲဒီလို သတ်မှတ်ထားတဲ့ မဲဆန္ဒနယ်အလိုက် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်ကြခြင်းအားဖြင့် သတ်မှတ်ထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၃၀ ကို ရွေးကောက်တင်မြှောက်နိုင်ကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် ရေရှည်အသုံးပြုနိုင်သော မူတစ်ရပ်ဖြစ်စေရေးအတွက် ပြည်သူ့လွှတ်တော် ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး–

**“ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–**

**(က) မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း၊ မြို့နယ် ၃၃၀ ထက် ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်သည့် မြို့နယ်တစ်ခုခုနှင့် ပူးပေါင်းအခြေခံ၍လည်းကောင်း ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦးထက်မပိုသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊**

**( ခ ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ ဦးထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ”**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

အထက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်မည်ဆိုပါက ယင်းချမှတ်မည့်မူနှင့် လိုက်လျောညီထွေဖြစ်စေရန် **‘လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်သည့်လွှတ်တော်’** ဆိုသည့် အသုံးအနှုန်းအစား ‘မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကိုအခြေခံ၍လည်းကောင်း ရွေးကောက်တင်မြှောက်သည့်လွှတ်တော်’ ဟု ပြင်ဆင်သုံးနှုန်းသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်”

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အဲဒီရှင်းလင်းချက်နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ(၈)ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–



**အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးတင်ခ ကောက်နုတ် စုစည်းချက်ကို ဖတ်ကြားတင်ပြစဉ်။** (သတင်းစဉ်)

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်းနှင့် ယင်းချမှတ်မည့်မူနှင့် လိုက်လျောညီထွေဖြစ်စေရန် **“လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်သည့်လွှတ်တော်”** ဆိုသည့် အသုံးအနှုန်းအစား **“မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ရွေးကောက်တင်မြှောက်သည့်လွှတ်တော်”** ဟု ပြင်ဆင်သုံးနှုန်းသင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

“အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ကို လေ့လာလိုက်သည့်အခါ ချမှတ်ပြီး အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ဖြည့်စွက်ခြင်းအတွက် (၈)ချက်၊ ပြင်ဆင်ခြင်းအတွက်(၅)ချက်၊ ပယ်ဖျက်ခြင်းအတွက်(၁)ချက်နဲ့ ပြောင်းရွှေ့ဖော်ပြခြင်း(၁)ချက် စုစုပေါင်း (၁၅)ချက် ပါရှိတာ လေ့လာတွေ့ရှိရကြောင်း၊ ယင်း(၁၅)ချက်ကို ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်၊ ပြောင်းရွှေ့သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီက–

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ မြို(ခါ)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်က–

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက–

“အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများမှ အနည်းငယ်သော အချက်အလက်အပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့် စပ်လျဉ်းပြီး သဘောတူထောက်ခံပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ‘ဝ’ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ (၈) ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း (၄) စောင်အနက်–

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်
- မြို (ခါ) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်

တို့ရဲ့သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီကိုယ်စားလှယ်အစုအဖွဲ့မှာပါဝင်တဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ် (၂) မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ် (၂) မှ ဦးတင်ထွန်းမောင်တို့က–

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့က–

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က–

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က–

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်းနှင့် ယင်းချမှတ်မည့်မူနှင့် လိုက်လျောညီထွေဖြစ်စေရန် **“လူဦးရေကို အခြေခံ၍ ရွေးကောက်တင်မြှောက်သည့်လွှတ်တော်”** ဆိုသည့် အသုံးအနှုန်းအစား **“မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ရွေးကောက်တင်မြှောက်သည့်လွှတ်တော်”**ဟု ပြင်ဆင်သုံးနှုန်းသင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့က–

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့က–

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်းနှင့် ယင်းချမှတ်မည့်မူနှင့် လိုက်လျောညီထွေဖြစ်စေရန် **“လူဦးရေကို အခြေခံ၍ ရွေးကောက်တင်မြှောက်သည့်လွှတ်တော်”** ဆိုသည့် အသုံးအနှုန်းအစား **“မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ရွေးကောက်တင်မြှောက်သည့်လွှတ်တော်”**ဟု ပြင်ဆင်သုံးနှုန်းသင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ✧

# ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် စကားအသုံးအနှုန်း ပိုမိုတိကျမှုရှိစေရေးအတွက်“ပြည်ထောင်စုနယ်မြေများ”ရှေ့တွင် “သက်ဆိုင်ရာ” ဟူသောစကားရပ်ကို ဖြည့်စွက်ဖော်ပြခြင်းအားဖြင့် အဓိပ္ပာယ် ပိုမို ရှင်းလင်းသွားမှာဖြစ်

ရန်ကုန် ဩဂုတ် ၂၀

**အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက် စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုည့်ကျသဘာပတိအဖွဲ့ဝင် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာမနန်တူးဂျာ ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်–**

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

၂၀၀၇ခုနှစ်၊ ဩဂုတ်လ(၆)ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

“၁၉၉၆ခုနှစ်၊ မတ်လ ၂၈ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရေးနဲ့စပ်လျဉ်းပြီး ကျွန်တော်ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီလို ရှင်းလင်းတင်ပြစဉ်က အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး–

“အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ဦး၊

(ခ) ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ဦး”

လို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့ပါတယ်။

အဲဒီလို ပြည်ထောင်စုနယ်မြေများအပါအဝင်ဟု ဖော်ပြထားခြင်းမှာ လက်ရှိပြည်နယ်နှင့်တိုင်းများတွင် ပါဝင်ခဲ့ပြီး ပြည်ထောင်စုနယ်မြေများအဖြစ် သတ်မှတ်ထားသည့် နယ်မြေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းပြီးနောက် ထူးခြားသည့်အခြေအနေရှိ၍ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုနယ်မြေအဖြစ် ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်သည့်နယ်မြေများကို ဖော်ညွှန်းထားခြင်းဖြစ်ပါတယ်။ သို့သော် စကားအသုံးအနှုန်း ပိုမိုတိကျမှုရှိစေရေးအတွက် “ပြည်ထောင်စုနယ်မြေများ”ရှေ့တွင် ‘သက်ဆိုင်ရာ’ဟူသော စကားရပ်ကို ဖြည့်စွက်ဖော်ပြခြင်းအားဖြင့် အဓိပ္ပာယ်ပိုမိုရှင်းလင်းနိုင်မည်ဖြစ်ပါတယ်။

ဒါကြောင့်–

**“အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–**

**(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး သက်ဆိုင်ရာ ပြည်ထောင်စု နယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ဦး၊**

**(ခ) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ်လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ဦး၊**

**(ဂ) အထက်အပိုဒ်ခွဲ(က)နှင့်(ခ)တွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေဆိုသည်မှာ ဤဖွဲ့စည်းပုံအခြေခံ ဥပဒေအရ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေများသည် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်သော ပြည်ထောင်စုနယ်မြေများသည် လည်းကောင်း၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန် ကိစ္စအလို့ငှာ အဆိုပါ နယ်မြေပါဝင်ခဲ့သည့် ပြည်နယ် သို့မဟုတ် တိုင်းတွင်ဖြစ်စေ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တွင် ဖြစ်စေ ပါဝင်ခြင်းကိုဆိုသည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်ရန် သင့်၊ မသင့်ဆွေးနွေး အကြံပြုကြဖို့ ဖြစ်ပါတယ်”

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

✧ စာမျက်နှာ ၄ မှ

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့က–

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်းနှင့် ယင်းချမှတ်မည့်မူနှင့် လိုက်လျောညီထွေဖြစ်စေရန် **“လူဦးရေကို အခြေခံ၍ ရွေးကောက်တင်မြှောက်သည့်လွှတ်တော်”**ဆိုသည့် အသုံးအနှုန်းအစား **“မြို့နယ်ကို အခြေခံ၍ လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ရွေးကောက်တင်မြှောက်သည့်လွှတ်တော်”**ဟု ပြင်ဆင်သုံးနှုန်းသင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အဲဒီ ရှင်းလင်းချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်တဲ့ နိုင်ငံရေးပါတီ(၈)ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

“အမျိုးသားလွှတ်တော်ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အပိုဒ်ခွဲ(က)ကို စကားအသုံးအနှုန်းပိုမိုတိကျစေရေးအတွက် ပြည်ထောင်စုနယ်မြေများဟူသော စကားရပ်ရှေ့တွင် “သက်ဆိုင်ရာ” ဟူသောစကားရပ်ကို ဖြည့်စွက်သင့်ကြောင်းနှင့် အဆိုပါအသေးစိတ်အခြေခံရမည့်မူများ၌ပါရှိသည့် ပြည်ထောင်စုနယ်မြေများအပါအဝင်ဟု ဖော်ပြထားခြင်းမှာ လက်ရှိပြည်နယ်နှင့် တိုင်းများတွင် ပါဝင်ခဲ့ပြီး ပြည်ထောင်စုနယ်မြေများအဖြစ် သတ်မှတ်ထားသည့် နယ်မြေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းပြီးနောက် ထူးခြားသည့်အခြေအနေရှိ၍ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုနယ်မြေအဖြစ် ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်သည့်နယ်မြေများ ပါရှိသင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

“အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ကို လေ့လာလိုက်သည့်အခါ ချမှတ်ပြီးအခြေခံမူနှင့်အသေးစိတ်အခြေခံရမယ့်မူများအနက် ဖြည့်စွက်ခြင်းအတွက် (၈)ချက်၊ ပြင်ဆင်ခြင်းအတွက် (၅)ချက်၊ ပယ်ဖျက်ခြင်းအတွက် (၁)ချက်နဲ့ ပြောင်းရွှေ့ဖော်ပြခြင်း (၁)ချက် စုစုပေါင်း (၁၅)ချက်ပါရှိတာ လေ့လာတွေ့ရှိရကြောင်း၊ ယင်း(၁၅)ချက်ကို ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်၊ ပြောင်းရွှေ့သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီက–

“ပြည်နယ်နှင့်တိုင်းများ ထူးခြားသည့်အခြေအနေရှိ၍ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုနယ်မြေများအဖြစ် ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်သည့်နယ်မြေများအတွက် စကားအသုံးအနှုန်း ပိုမိုတိကျမှုရှိစေရေးအတွက် ပြည်ထောင်စုနယ်မြေများရှေ့တွင် ‘သက်ဆိုင်ရာ’ဟူသောစကားရပ်ကို ဖြည့်စွက် ဖော်ပြခြင်းအားဖြင့် အဓိပ္ပာယ်ပိုမိုရှင်းလင်းမည်ဖြစ်ပါသဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

“ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုနယ်မြေအဖြစ် ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်သည့်နယ်မြေများကို ဖော်ညွှန်းထားခြင်းဖြစ်ရာ စကားအသုံးအနှုန်း ပိုမိုတိကျမှုရှိစေရေးအတွက် ‘ပြည်ထောင်စုနယ်မြေများ’ ရှေ့တွင် ‘သက်ဆိုင်ရာ’ ဟူသော စကားရပ်ကို ဖြည့်စွက်ဖော်ပြခြင်းအားဖြင့် အဓိပ္ပာယ်ပိုမိုရှင်းလင်းနိုင်မည် ဖြစ်ပါသဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“အမျိုးသားလွှတ်တော်ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုကရင်အမျိုးသားများ အဖွဲ့ချုပ်က–

“အမျိုးသားလွှတ်တော်ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက–

“အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများမှ အနည်းငယ်သော အချက်အလက်အပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့် စပ်လျဉ်းပြီး သဘောတူထောက်ခံပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“စကားအသုံးအနှုန်း ပိုမိုတိကျမှုရှိစေရေးအတွက် **‘ပြည်ထောင်စုနယ်မြေများ’**ရှေ့တွင် **‘သက်ဆိုင်ရာ’**ဟူသော စကားရပ်ကိုဖြည့်စွက်ဖော်ပြခြင်းအားဖြင့် အဓိပ္ပာယ် ပိုမိုရှင်းလင်းနိုင်မည်ဖြစ်သဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။



**အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာမနန်တူးဂျာ ကောက်နုတ်စုစည်းချက်ကို ဖတ်ကြားတင်ပြစဉ်။**

(သတင်းစဉ်)

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

ညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့ (၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း (၄)စောင်အနက်–

– တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှကိုယ်စားလှယ်
– မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်

တို့ရဲ့ သဘောထားကိုနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ်ဒေါက်တာမူထန်၊ ရှမ်းပြည်နယ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

“အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်းနဲ့စပ်လျဉ်းပြီး အပိုဒ်(က)နှင့်(ခ)တို့တွင် **‘ပြည်ထောင်စုနယ်မြေများအပါအဝင်’**ဟုဖော်ပြထားခြင်းမှာ လက်ရှိပြည်နယ်နှင့် တိုင်းများတွင် ပါဝင်ခဲ့ပြီး ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားသည့် နယ်မြေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီးနောက် ထူးခြားသည့် အခြေအနေရှိ၍ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုနယ်မြေအဖြစ် ပြဋ္ဌာန်းပြီး သတ်မှတ်သည့် နယ်မြေများကိုဖော်ညွှန်းတဲ့ သဘောသဘာဝဖြစ်ပါတယ်။ သို့ဖြစ်၍ စကားလုံးအသုံးအနှုန်းတွင် ပိုမိုတိကျမှုရှိစေရန်အတွက် **‘ပြည်ထောင်စုနယ်မြေများ’**ရှေ့တွင် **‘သက်ဆိုင်ရာ’**ဟူသော စကားရပ်ကိုဖြည့်စွက်ဖော်ပြသင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

“ပြည်ထောင်စုနယ်မြေများအပါအဝင်ဟု ဖော်ပြထားခြင်းမှာ လက်ရှိပြည်နယ်နှင့် တိုင်းများတွင် ပါဝင်ခဲ့ပြီး ပြည်ထောင်စုနယ်မြေများအဖြစ် သတ်မှတ်ထားသည့် နယ်မြေများနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပြဋ္ဌာန်းပြီးနောက် ထူးခြားသည့် အခြေအနေရှိ၍ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုနယ်မြေအဖြစ် ဥပဒေပြဋ္ဌာန်းပြီးသတ်မှတ်သည့် နယ်မြေများကို ဖော်ပြထားခြင်း ဖြစ်ပါတယ်။ သို့ပါ၍ **‘ပြည်ထောင်စုနယ်မြေများ’** ရှေ့တွင် **‘သက်ဆိုင်ရာ’** ဟူသောစကားရပ်ကို ဖြည့်စွက်ဖော်ပြသင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က–

“ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်းနဲ့စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမယ့်မူအပိုဒ် (က)တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီပါဝင်စေပြီး ပြည်ထောင်စုနယ်မြေများ အပါအဝင်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ဦးကျစီ”ဟု သတ်မှတ်ထားပါတယ်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့** ☆

# နိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်၏ စည်ပင်သာယာရေးနယ်နိမိတ်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်၍ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိခြင်းမှာ လျော်ကန်သင့်မြတ်

ရန်ကုန် ဩဂုတ် ၂၀

**အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီမှ ဦးမျိုးသန့်(မောင်ဆုရှင်) ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်–**

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

၂၀၀၇ ခုနှစ် ဩဂုတ်လ(၆)ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"၁၉၉၄ ခုနှစ် ဧပြီလ(၉)ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်းနဲ့ စပ်လျဉ်းပြီး–

၅။ ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်း–

**"(က)နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်၊**

**(ခ)ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်၊**

**(ဂ)နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးစသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားသော အခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်သည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့ပါတယ်။

နိုင်ငံတကာအစဉ်အလာအရ ဗဟိုအစိုးရရုံးစိုက်ရာမြို့ကို နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်ပြီး အချို့နိုင်ငံများမှာ ယင်းမြို့တော်များကို နိုင်ငံတော်သမ္မတ သို့မဟုတ် ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်လေ့ ရှိကြပါတယ်။ ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့တကွ ဗဟိုအစိုးရရုံးများက နေပြည်တော်တွင် ရုံးစိုက်လျက်ရှိကြသဖြင့် နိုင်ငံတော်၏မြို့တော်သည် နေပြည်တော်ဖြစ်ပါတယ်။ ထို့ကြောင့် ဖော်ပြပါ အသေးစိတ် အခြေခံရမည့်မူပါ နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်ဟူသော စကားရပ်ကို ပြင်ဆင်ရန် လိုအပ်လာပါတယ်။ ရန်ကုန်မြို့သည် နိုင်ငံတော်၏မြို့တော် မဟုတ်တော့သော်လည်း နိုင်ငံတော်၏ စီးပွားရေးအချက်အချာကျသောမြို့အဖြစ် ဆက်လက်တည်ရှိနေမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ရန်ကုန်မြို့ဟာ နိုင်ငံတော်၏ မြို့တော် မဟုတ်တော့တဲ့အတွက် နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်တဲ့ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်ပြီး ယခုအခါ နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်၏ စည်ပင်သာယာရေးနယ်နိမိတ်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်၍ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသင့်ပါတယ်။

ထို့အပြင် ရန်ကုန်မြို့ဟာ နိုင်ငံတော်ရဲ့ မြို့တော်မဟုတ်တော့တဲ့အတွက် ရန်ကုန်မြို့တော်ဟူသော အသုံးအနှုန်းအစား ရန်ကုန်မြို့ဟူ၍ သုံးနှုန်းသွားမည် ဖြစ်ပါတယ်။ ဒါ့အပြင် **"ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်"**ဟု ချမှတ်ထားသော အသေးစိတ် အခြေခံရမယ့်မူကိုလည်း ပယ်ဖျက်သင့် ပါတယ်။ ဤသို့ ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့နယ်တို့ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်လိုက်ခြင်းအားဖြင့် ယင်းတို့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌သာ လက်ရှိအတိုင်း တည်ရှိနေမှာဖြစ်ပါတယ်။

ကျွန်တော် အထက်တွင် တင်ပြခဲ့တဲ့အတိုင်း ကိုကိုးကျွန်းမြို့နယ်ကို ပြည်ထောင်စုနယ်မြေအဖြစ်မှ ပယ်ဖျက်ခြင်းအားဖြင့် အထက်အပိုဒ်(ခ)ပါ အသေးစိတ်အခြေခံရမယ့်မူကို ဆက်လက်ဖော်ပြရန် မလိုအပ်တော့ပါ။ သို့သော်



အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီမှ ဦးမျိုးသန့်(မောင်ဆုရှင်) ကောက်နုတ်စုစည်းချက်ကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အပိုဒ်(ဂ)ကို ဆက်လက်ထားရှိသင့်သဖြင့် အပိုဒ်(ဂ)ကို အပိုဒ်(ခ)အဖြစ် ဖော်ပြသင့်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုနယ်မြေ သတ်မှတ်ခြင်းနဲ့ စပ်လျဉ်းပြီး–

၅။ ပြည်ထောင်စုနယ်မြေများ သတ်မှတ်ခြင်း–

**"(က)နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်၊**

**(ခ)နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားသော အခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန်လိုအပ်လျှင် ဥပဒေ ပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်သည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်"

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အဲဒီ ရှင်းလင်းချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်တဲ့ နိုင်ငံရေးပါတီ(၈)ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

"ရန်ကုန်မြို့တော်ဟာ နိုင်ငံတော်ရဲ့ မြို့တော်မဟုတ်တော့တဲ့အတွက် နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်တဲ့ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်ပြီး နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်၏ စည်ပင်သာယာရေးနယ်နိမိတ်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်၍ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိခြင်းမှာ လျော်ကန်သင့်မြတ်ပါတယ်။ ဒါ့အပြင် ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိပြီး ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်ဟု ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူကိုလည်း ပယ်ဖျက်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ကို လေ့လာလိုက်သည့်အခါ ချမှတ်ပြီး အခြေခံမူနှင့် အသေးစိတ် အခြေခံရမယ့်မူများအနက် ဖြည့်စွက်ခြင်းအတွက်(၈)ချက်၊ ပြင်ဆင်ခြင်းအတွက် (၅)ချက်၊ ပယ်ဖျက်ခြင်းအတွက်(၁)ချက်နဲ့ ပြောင်းရွှေ့ဖော်ပြခြင်း(၁)ချက် စုစုပေါင်း (၁၅)ချက်ပါရှိတာ လေ့လာတွေ့ရှိရကြောင်း၊ ယင်း(၁၅)ချက်ကို ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်၊ ပြောင်းရွှေ့သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီက–

"ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့နှင့် ဗဟိုရုံးစိုက်ရာမြို့သည် နေပြည်တော်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့နယ်တို့ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ခြင်းမှ ပယ်ဖျက်ပြီး ယင်းမြို့များကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌သာ ပြန်လည်တည်ရှိသွားသင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

"ပြည်ထောင်စုနယ်မြေ သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့နယ်တို့ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"ပြည်ထောင်စုနယ်မြေများ သတ်မှတ်ခြင်းနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်အတိုင်း အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်က–

"၂၀၀၇ ခုနှစ် ဩဂုတ်လ (၆) ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ၁၉၉၄ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ပြည်ထောင်စု နယ်မြေသတ်မှတ်ခြင်းနဲ့ ပတ်သက်၍ ရှင်းလင်းပြောကြားသည့်အတိုင်း အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ရှင်းလင်းချက်ပါ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများမှ အနည်းငယ်သောအချက်အလက်အပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့်စပ်လျဉ်းပြီး သဘောတူ ထောက်ခံပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"ရန်ကုန်မြို့တော်ဟာ နိုင်ငံတော်၏မြို့တော် မဟုတ်တော့တဲ့အတွက် နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်တဲ့ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ခြင်းမှ ပယ်ဖျက်ပြီး ယခုအခါ နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်၏ စည်ပင်သာယာရေး နယ်နိမိတ်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်၍ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် "ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ပါသည်"ဟု ချမှတ်ထားသော အသေးစိတ်အခြေခံရမည့်မူကိုလည်း ဆီလျော်မှုမရှိတော့သဖြင့် ပယ်ဖျက်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ (၈) ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း(၄) စောင်အနက်–

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်
- မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့ရဲ့သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်တဲ့ ယင်းတို့ရဲ့နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✪

☆ စာမျက်နှာ ၅ မှ

စကားအသုံးအနှုန်း ပိုမိုတိကျမှုရှိစေရေးအတွက် **'ပြည်ထောင်စု နယ်မြေများ'**ရှေ့တွင် **'သက်ဆိုင်ရာ'** ဟူသော စကားရပ်ကို ဖြည့်စွက်ဖော်ပြ ခြင်းအားဖြင့် အဓိပ္ပာယ် ပိုမိုရှင်းလင်းနိုင်မည်ဖြစ်ကြောင်း"

ဆွေးနွေးတင်ပြသွားတာတွေ့ရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့က–

"ဥပဒေပြုရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်းတွင် စကားအသုံးအနှုန်း ပိုမိုတိကျမှုရှိစေရေးအတွက် **'ပြည်ထောင်စုနယ်မြေများ'**ရှေ့တွင် **'သက်ဆိုင်ရာ'** ဟူသော စကားရပ်ကိုဖြည့်စွက်ဖော်ပြခြင်းအားဖြင့် အဓိပ္ပာယ်ပိုမို ရှင်းလင်းသွားမှာဖြစ်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က–

"အမျိုးသားလွှတ်တော် ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်ခဲ့ရာ စကားအသုံးအနှုန်း ပိုမိုတိကျမှုရှိစေရေးအတွက် **'ပြည်ထောင်စုနယ်မြေများ'**ရှေ့တွင် **"သက်ဆိုင်ရာ"** ဟူသောစကားရပ်ကို ဖြည့်စွက်ဖော်ပြခြင်းအားဖြင့် အဓိပ္ပာယ်ပိုမိုရှင်းလင်းစေနိုင်မည်ဖြစ်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က–

"အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်းနဲ့ပတ်သက်ပြီး စကားရပ်အသုံးအနှုန်း ပိုမိုတိကျစေရန်အတွက် **'ပြည်ထောင်စုနယ်မြေများ'**ဆိုသည့် စကားရပ်ရှေ့တွင် **'သက်ဆိုင်ရာ'**ဟူသော စကားရပ် ဖြည့်စွက်သင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့က–

"ပြည်ထောင်စုနယ်မြေများတွင် **'သက်ဆိုင်ရာ'**ဟူသောစကားရပ်ကိုဖြည့်စွက်ဖော်ပြပါက ပြည်ထောင်စုနယ်မြေပါဝင်နေတဲ့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကို ရည်ညွှန်းကြောင်း ပိုမိုတိကျတဲ့ အဓိပ္ပာယ်ပေါ်လွင်လာစေမှာဖြစ်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့က–

"အမျိုးသားလွှတ်တော် ဖွဲ့စည်းခြင်းနဲ့စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ ။

# “ရန်ကုန်မြို့တော်” ဟူသော စကားရပ်အစား “နေပြည်တော်” ဟု ဖြည့်စွက်ရန်နှင့် “ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ” ဟု ဖော်ပြထားသည့်စကားရပ်အစား “နေပြည်တော်ကောင်စီဥက္ကဋ္ဌ” ဟု ဖြည့်စွက်ရန်သင့်လျော်

ရန်ကုန် ဩဂုတ် ၂၀

**အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက် စာတမ်းများအပေါ် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ်(ခ)ဦးဖီးလစ်ဆမ် ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်–**

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

၂၀၀၇ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက–

“ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် ကျွန်တော်ရှင်းလင်းတင်ပြတဲ့အတိုင်း သဘောတူညီပါက နေပြည်တော်အတွက် ရန်ကုန်မြို့တော်ကောင်စီနှင့် စပ်လျဉ်း၍ ချမှတ်ထားသည့် အသေးစိတ်အခြေခံရမည့်မူများအတိုင်း ချမှတ်သင့်ပါတယ်။

ထို့ကြောင့် ၁၉၉၆ခုနှစ် မတ်လ ၂၈၊ ၂၉နှင့် ၃၀ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးက ချမှတ်ခဲ့သော အသေးစိတ်အခြေခံရမည့် မူများအနက် အပိုဒ် ၃၅ ပါ ပြည်ထောင်စုနယ်မြေဖြစ်သည့် ရန်ကုန်မြို့တော်အုပ်ချုပ်ရေးနှင့် စပ်လျဉ်းပြီး ချမှတ်ထားသည့် အသေးစိတ် အခြေခံရမည့် မူများတွင်လည်းကောင်း၊ အပိုဒ် ၃၆ တွင် ဖော်ပြထားသည့် ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ အဆင့်သတ်မှတ်ခြင်းနှင့်စပ်လျဉ်းပြီး ချမှတ်ထားသော အသေးစိတ်အခြေခံရမည့်မူများတွင် လည်းကောင်း ပါရှိသည့် ရန်ကုန်မြို့တော်ဟူသော စကားရပ်အစား နေပြည်တော်ဟု ဖြည့်စွက်ရန် သင့်၊ မသင့်နှင့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၆)တွင် အဖွဲ့ဝင်အဖြစ် “ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ”ဟုဖော်ပြထားသည့်စကားရပ်အစား “နေပြည်တော်ကောင်စီဥက္ကဋ္ဌ”လို့ ဖြည့်စွက်ရန် သင့်၊ မသင့်ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်။

အပိုဒ် ၃၇တွင်ဖော်ပြထားသော ပြည်ထောင်စုနယ်မြေဖြစ်သည့် ကိုကိုးကျွန်းမြို့နယ် အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ ချမှတ်ထားသော အသေးစိတ်အခြေခံရမည့်မူများကို ယခုအခါ မလိုအပ်တော့၍ ဆက်လက်ဖော်ပြခြင်းမပြုတော့ပါကြောင်း ရှင်းလင်းပြောကြားအပ်ပါတယ်”

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အဲဒီ ရှင်းလင်းချက်နှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်တဲ့ နိုင်ငံရေးပါတီ(၈)ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

“၁၉၉၆ခုနှစ် မတ်လ ၂၈၊ ၂၉နှင့် ၃၀ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးက ချမှတ်ခဲ့သော အသေးစိတ် အခြေခံရမည့်မူများအနက် အပိုဒ် ၃၅ပါ ပြည်ထောင်စုနယ်မြေဖြစ်သည့် ရန်ကုန်မြို့တော်အုပ်ချုပ်ရေးနှင့်စပ်လျဉ်းပြီး ချမှတ်ထားသည့် အသေးစိတ်အခြေခံရမည့်မူများတွင်လည်းကောင်း၊ အပိုဒ် ၃၆တွင် ဖော်ပြထားသည့် ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ အဆင့်သတ်မှတ်ခြင်းနှင့်စပ်လျဉ်းပြီး ချမှတ်ထားသော အသေးစိတ်အခြေခံရမည့်မူများတွင်လည်းကောင်း ပါရှိသည့် **“ရန်ကုန်မြို့တော်”**ဟူသော စကားရပ်အစား**“နေပြည်တော်”**ဟု ဖြည့်စွက်ရန်နှင့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ် (၆)တွင် အဖွဲ့ဝင်အဖြစ် **“ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ”**ဟု ဖော်ပြထားသည့်စကားရပ်အစား**“နေပြည်တော်ကောင်စီဥက္ကဋ္ဌ”** လို့ ဖြည့်စွက်ရန် သင့်လျော်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဒါ့အပြင် အပိုဒ် ၃၇တွင် ဖော်ပြထားသော ပြည်ထောင်စုနယ်မြေဖြစ်သည့် ကိုကိုးကျွန်းမြို့နယ် အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ ချမှတ်ထားသော အသေးစိတ်အခြေခံရမည့်မူများကို မလိုအပ်တော့၍ ဆက်လက်ဖော်ပြခြင်း မပြုတော့ပါကြောင်း ရှင်းလင်းပြောကြားချက်မှာလည်း လျော်ကန်သင့်မြတ်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

“အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ကို လေ့လာလိုက်သည့်အခါမှာ ချမှတ်ပြီး အခြေခံမူနှင့် အသေးစိတ် အခြေခံရမယ့်မူများအနက် ဖြည့်စွက်ခြင်းအတွက် (၈)ချက်၊ ပြင်ဆင်ခြင်းအတွက် (၅)ချက်၊ ပယ်ဖျက်ခြင်းအတွက် (၁)ချက်နဲ့ ပြောင်းရွှေ့ဖော်ပြခြင်း (၁)ချက်၊ စုစုပေါင်း



**အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ် (ခ)ဦးဖီးလစ်ဆမ် ကောက်နုတ်စုစည်းချက်ကို ဖတ်ကြားတင်ပြစဉ်။**

(သတင်းစဉ်)

(၁၅)ချက်ပါရှိတာ လေ့လာတွေ့ရှိရကြောင်း၊ ယင်း (၁၅)ချက်ကို ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်၊ ပြောင်းရွှေ့သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီက–

“အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်အတိုင်း အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၆)တို့ကို ဖြည့်စွက်သင့်ကြောင်းနှင့် အပိုဒ် ၃၇ ကို ပယ်ဖျက်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❋

✪ **စာမျက်နှာ ၆ မှ**

ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမူထန်၊ ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

“နိုင်ငံတကာအစဉ်အလာအရ ဗဟိုအစိုးရရုံးစိုက်ရာမြို့ကို နိုင်ငံရဲ့မြို့တော်အဖြစ် သတ်မှတ်ပြီး အချို့နိုင်ငံများမှာ ယင်းမြို့တော်များကို နိုင်ငံတော်သမ္မတ သို့မဟုတ် ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်လေ့ရှိပါတယ်။ ယခုအခါ နိုင်ငံတော်အစိုးရနှင့်တကွ ဗဟိုအစိုးရရုံးများ နေပြည်တော်တွင်ရုံးစိုက်လျက်ရှိနေကြပြီဖြစ်ရာ နိုင်ငံတော်ရဲ့မြို့တော်ဟာ နေပြည်တော် ဖြစ်နေပါတယ်။ ထို့ကြောင့် အထက်ဖော်ပြပါ အသေးစိတ် အခြေခံရမယ့်မူအပါ နိုင်ငံတော်၏မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်ဟူသော စကားရပ်ကို ပြင်ဆင်ရန် လိုအပ်လာပါတယ်။ ထို့အတူ ကိုကိုးကျွန်းမြို့နယ်ကိုလည်း နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူကိုလည်း ပယ်ဖျက်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂) မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ် (၂) မှ ဦးတင်ထွန်းမောင်တို့က–

“နိုင်ငံတော်၏မြို့တော် မဟုတ်တော့တဲ့အတွက် နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်တဲ့ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ခြင်းမှ ပယ်ဖျက်ပြီး နိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်၏ စည်ပင်သာယာရေးနယ်နိမိတ်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်၍ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသင့်ပါတယ်။”

သို့ဖြစ်ပါ၍ ရန်ကုန်မြို့တော်ဟူသော အသုံးအနှုန်းအစား ရန်ကုန်မြို့ဟူ၍ သုံးနှုန်းသင့်ပါတယ်။ ဒါ့အပြင် ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်ဟု ချမှတ်ထားသော အသေးစိတ်အခြေခံရမည့်မူကိုလည်း ပယ်ဖျက်သင့်ပါတယ်။ ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့နယ်တို့ကို ပြည်ထောင်စုနယ်မြေအဖြစ်မှ ပယ်ဖျက်လိုက်သည့်အတွက် ယင်းတို့ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌သာ လက်ရှိအတိုင်း တည်ရှိနေမှာဖြစ်ပါတယ်။

ကိုကိုးကျွန်းမြို့နယ်ကို ပြည်ထောင်စုနယ်မြေအဖြစ်မှ ပယ်ဖျက်ခြင်းအားဖြင့် အထက်အပိုဒ် (ခ)ပါ အသေးစိတ်အခြေခံရမယ့်မူကို ဆက်လက်ဖော်ပြရန် မလိုတော့ပါ။ သို့သော် အပိုဒ်(ဂ)ကို ဆက်လက်ထားရှိသင့်သဖြင့် အပိုဒ်(ဂ)ကို အပိုဒ်(ခ)အဖြစ် ဖော်ပြသင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က–

“ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့်တကွ ဗဟိုအစိုးရရုံးများက နေပြည်တော်တွင် ရုံးစိုက်လျက်ရှိကြသဖြင့် နိုင်ငံတော်၏မြို့တော်သည် နေပြည်တော်ဖြစ်ပါတယ်။ ရန်ကုန်မြို့ဟာ နိုင်ငံတော်၏ မြို့တော်မဟုတ်တော့တဲ့အတွက် နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်တဲ့ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှပယ်ဖျက်ပြီး ယခုအခါ နိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်၏ စည်ပင်သာယာရေးနယ်နိမိတ်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်၍ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသင့်ပါတယ်။

ဒါ့အပြင် “ထူးခြားသောအခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်”ဟု ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူကိုလည်း ဆက်လက်ထားရှိရန် မလိုအပ်တော့တဲ့အတွက် ပယ်ဖျက်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

“နိုင်ငံတကာအစဉ်အလာအရ ဗဟိုအစိုးရရုံးစိုက်ရာမြို့ကို နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်ပြီး အချို့နိုင်ငံများမှာ ယင်းမြို့တော်များကို နိုင်ငံတော်သမ္မတ သို့မဟုတ် ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်လေ့ရှိကြပါသည်။ ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့တကွ ဗဟိုအစိုးရရုံးများက နေပြည်တော်တွင် ရုံးစိုက်လျက်ရှိကြသဖြင့် နိုင်ငံတော်၏မြို့တော်သည် နေပြည်တော်ဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်၏ စည်ပင်သာယာရေးနယ်နိမိတ်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်၍ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

“နိုင်ငံတကာအစဉ်အလာအရ ဗဟိုအစိုးရရုံးစိုက်ရာမြို့ကို နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်ပြီး အချို့နိုင်ငံများမှာ ယင်းမြို့တော်များကို နိုင်ငံတော်သမ္မတ သို့မဟုတ် ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်လေ့ရှိ ကြပါတယ်။ ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့်တကွ ဗဟိုအစိုးရရုံးများက နေပြည်တော်တွင် ရုံးစိုက်လျက်ရှိကြသဖြင့် နိုင်ငံတော်၏မြို့တော်သည် နေပြည်တော်ဖြစ်ပါတယ်။ ထို့ကြောင့် နိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်၏ စည်ပင်သာယာရေးနယ်နိမိတ်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်၍ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသင့်ပါတယ်။

ထို့အပြင် ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့နယ်တို့ကို ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်ထားခြင်းမှ ပယ်ဖျက်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က–

“နိုင်ငံတော်၏မြို့တော်သည် “နေပြည်တော်”ဟု ပြင်ဆင်အတည်ပြု၍ အခြေခံမူအဖြစ် ချမှတ်ပြီး ဖြစ်သည့်အတွက် ရန်ကုန်မြို့ကို ပြည်ထောင်စုနယ်မြေအဖြစ်မှ ပယ်ဖျက်ရန်လိုအပ်ပြီး နိုင်ငံတော်၏မြို့တော်ဖြစ်သော နေပြည်တော်၏ စည်ပင်သာယာရေးနယ်နိမိတ်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်၍ ကိုကိုးကျွန်းမြို့နယ်ကိုလည်း ပြည်ထောင်စုနယ်မြေအဖြစ်မှ ပယ်ဖျက်ရန် ဖြစ်ပါတယ်။ အထက်ပါ ပြင်ဆင်ဖြည့်စွက်မှုများမှလည်း နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်အဖြစ် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်သဖြင့် ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့က–

“၂၀၀၇ခုနှစ် ဩဂုတ်လ ၃ရက်နေ့က ကျင်းပတဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးက**“နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်”**လို့ အသေးစိတ် အခြေခံရမည့်မူတစ်ရပ် ချမှတ်ပြီးလည်းဖြစ်ပါတယ်။ ဒါကြောင့် ရန်ကုန်မြို့ဟာ နိုင်ငံတော်၏မြို့တော်မဟုတ်တော့တဲ့အတွက် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ခြင်းမှ ပယ်ဖျက်ပြီး နိုင်ငံတော်၏မြို့တော်ဖြစ်တဲ့ နေပြည်တော်၏ စည်ပင်သာယာရေးနယ်နိမိတ်ကို ပြည်ထောင်စုနယ်မြေအဖြစ် နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသင့်ပါတယ်။ ထို့အတူကိုကိုးကျွန်းမြို့နယ်ကိုလည်း ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှပယ်ဖျက်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

ပြည်ထောင်စုနယ်မြေ သတ်မှတ်ခြင်းနဲ့စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် ပြင်ဆင်ချမှတ်သင့်သည့် အချက်အပေါ် ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။

# ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် သဘောတူ

❀ စာမျက်နှာ ၇ မှ

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ မြို(ခ)ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့က–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်အတိုင်း အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၆)တို့ကို ဖြည့်စွက်သင့်ကြောင်းနှင့်အပိုဒ် ၃၇ ကို ပယ်ဖျက်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်အတိုင်း အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၆) တို့ကို ဖြည့်စွက်သင့်ကြောင်းနှင့် အပိုဒ် ၃၇ကို ပယ်ဖျက်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်က–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရှင်းလင်းပြောကြားသည့်အတိုင်း အသေးစိတ် အခြေခံရမယ့်မူ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၆)တို့ကို ဖြည့်စွက်သင့်ကြောင်းနှင့် အပိုဒ် ၃၇ ကို ပယ်ဖျက်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ပါ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့်အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများမှ အနည်းငယ်သော အချက်အလက်အပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့် စပ်လျဉ်းပြီး သဘောတူထောက်ခံပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"၁၉၉၆ခုနှစ်၊ မတ်လ ၂၈၊ ၂၉နှင့် ၃၀ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်ခဲ့သော အသေးစိတ် အခြေခံရမည့်မူများအနက် အပိုဒ် ၃၅ ပါ ပြည်ထောင်စုနယ်မြေဖြစ်သည့် ရန်ကုန်မြို့တော်အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ချမှတ်ထားသော အသေးစိတ် အခြေခံရမည့်မူများတွင်ပါရှိသည့် "ရန်ကုန်မြို့တော်" ဟူသော စကားရပ်အစား "နေပြည်တော်" ဟု လည်းကောင်း၊ ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၆)တွင် အဖွဲ့ဝင်အဖြစ် "ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ"ဟုဖော်ပြထားသည့်စကားရပ်အစား "နေပြည်တော်ကောင်စီဥက္ကဋ္ဌ"လို့ ဖြည့်စွက်တာဟာ ဆီလျော်မှုရှိပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့(၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေး တင်ပြသော အကြံပြုချက်စာတမ်း(၄)စောင် အနက်–

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှကိုယ်စားလှယ်
- မြို(ခ)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့ရဲ့

သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များ အတိုင်းပင် သက်ဆိုင်ရာကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

**နိုင်ငံတော်၏ မြို့တော်သည် ရန်ကုန်မြို့မှ နေပြည်တော်သို့ ပြောင်းလဲ သတ်မှတ်သည့် အသေးစိတ် အခြေခံရမည့်မူ ချမှတ်ပြီးဖြစ်၍ ရန်ကုန်မြို့တော်ဟု ဖော်ပြခဲ့သည့် စကားရပ်များအစား "နေပြည်တော်" ဟု ပြင်ဆင်ဖြည့်စွက်သုံးစွဲ။**

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ်ဒေါက်တာမူထန်၊ ရှမ်းပြည်နယ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

"၁၉၉၆ခုနှစ်၊ မတ်လ ၂၈၊ ၂၉နှင့်၃၀ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးက ချမှတ်ခဲ့သော အသေးစိတ် အခြေခံရမည့်မူများအနက် အပိုဒ် ၃၅ ပါ ပြည်ထောင်စု နယ်မြေဖြစ်သည့် ရန်ကုန်မြို့တော် အုပ်ချုပ်ရေးနှင့်စပ်လျဉ်းပြီး ချမှတ်ထားသည့် အသေးစိတ် အခြေခံရမည့်မူအဖြစ်လည်းကောင်း၊ အပိုဒ် ၃၆ ပါ ရန်ကုန်မြို့တော် ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ အဆင့်သတ်မှတ်ခြင်းနှင့်စပ်လျဉ်းပြီး ချမှတ်ထားသော အသေးစိတ် အခြေခံရမယ့်မူများတွင်လည်းကောင်း၊ ရန်ကုန်မြို့တော်ဟူသော စကားရပ်အစား နေပြည်တော်ဟု ပြင်ဆင်၊ ဖြည့်စွက်ချမှတ်ရန် သင့်လျော်ပါကြောင်း၊ ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း အတွက် ချမှတ်ထားပြီးဖြစ်သော အသေးစိတ် အခြေခံရမယ့်မူ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၆)တွင် အဖွဲ့ဝင်အဖြစ် "ရန်ကုန်မြို့တော်ကောင်စီ ဥက္ကဋ္ဌ"ဟု ဖော်ပြထားသည့်စကားရပ်အစား"နေပြည်တော်ကောင်စီဥက္ကဋ္ဌ"လို့ ပြင်ဆင်ဖြည့်စွက်ချမှတ်ရန် သင့်လျော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးတင်ထွန်းမောင်တို့က–

"ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် သဘောတူပါတယ်။ သို့ပါ၍ နေပြည်တော်အတွက် ရန်ကုန်မြို့တော်ကောင်စီနှင့် စပ်လျဉ်း၍ ချမှတ်ထားသည့် အသေးစိတ်အခြေခံမူများအတိုင်း ချမှတ်ရန်သင့်ပါတယ်။

ထို့ကြောင့် ချမှတ်ထားသော အသေးစိတ်အခြေခံမူများတွင် ပါရှိသည့် ရန်ကုန်မြို့တော်ဟူသောစကားရပ်အစား နေပြည်တော်ဟု ဖြည့်စွက်သင့်ပါတယ်။ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ်အခြေခံမူ အပိုဒ် ၁၆၊အပိုဒ်ခွဲ(ဂ)၊အပိုဒ်ခွဲငယ်(၆)တွင် အဖွဲ့ဝင်အဖြစ် "ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ" ဟု ဖော်ပြထားသည့် စကားရပ်အစား "နေပြည်တော်ကောင်စီဥက္ကဋ္ဌ"လို့ ဖြည့်စွက်ရန် သင့်လျော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က–

"ရန်ကုန်မြို့ဟာ နိုင်ငံတော်၏ မြို့တော်မဟုတ်တော့သည့်အတွက် ၁၉၉၆ ခုနှစ် မတ်လ ၂၈၊ ၂၉ နှင့် ၃၀ ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်ခဲ့သော အသေးစိတ် အခြေခံရမည့်မူများအနက် အပိုဒ် ၃၅ ပါ ပြည်ထောင်စုနယ်မြေဖြစ်သည့် ရန်ကုန်မြို့တော်အုပ်ချုပ်ရေးနှင့် စပ်လျဉ်းပြီး ချမှတ်ထားသည့် အသေးစိတ် အခြေခံရမည့် မူများတွင်လည်းကောင်း၊ အပိုဒ် ၃၆ တွင် ဖော်ပြထားသည့် ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ အဆင့်သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး ချမှတ်ထားသော အသေးစိတ် အခြေခံရမည့်မူများတွင်လည်းကောင်း ပါရှိသည့် ရန်ကုန်မြို့တော်ဟူသော စကားရပ်အစား နေပြည်တော်ဟု ဖြည့်စွက်ရန်သင့်ပါကြောင်းနှင့် ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ် (၆)တွင် အဖွဲ့ဝင်အဖြစ် "ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ" ဟု ဖော်ပြထားသည့် စကားရပ်အစား "နေပြည်တော်ကောင်စီဥက္ကဋ္ဌ"လို့ ဖြည့်စွက်ရန်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

"ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်ရန် ရှင်းလင်းတင်ပြခဲ့ခြင်းကို ကျွန်တော်တို့ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ သဘောတူညီကြပါတယ်။

ဒါကြောင့် အမျိုးသားညီလာခံစုံညီအစည်းအဝေးက ချမှတ်ခဲ့သော အသေးစိတ် အခြေခံရမယ့်မူများအနက် အပိုဒ် ၃၅နှင့် ၃၆ တွင် ပါရှိသည့် "ရန်ကုန်မြို့တော်" ဟူသော စကားရပ်အစား "နေပြည်တော်"ဟု ဖြည့်စွက်ရန် သင့်လျော်ပါကြောင်းနှင့် ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၆)တွင် အဖွဲ့ဝင်အဖြစ် "ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ" ဟု ဖော်ပြထားသည့် စကားရပ်အစား "နေပြည်တော်ကောင်စီဥက္ကဋ္ဌ" လို့ ဖြည့်စွက်ရန် သင့်လျော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က–

"ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သင့်သည့်အတွက် နေပြည်တော်အတွက် ရန်ကုန်မြို့တော် ကောင်စီနှင့်စပ်လျဉ်း၍ ချမှတ်ထားသည့် အသေးစိတ်အခြေခံရမည့်မူများအတိုင်း ချမှတ်သင့်သောကြောင့် အမျိုးသားညီလာခံစုံညီအစည်းအဝေးက ချမှတ်ခဲ့သော အသေးစိတ် အခြေခံရမည့်မူများအနက် အပိုဒ် ၃၅ ပါ ပြည်ထောင်စုနယ်မြေဖြစ်သည့် ရန်ကုန်မြို့တော် အုပ်ချုပ်ရေးနှင့် စပ်လျဉ်းပြီး ချမှတ်ထားသည့် အသေးစိတ် အခြေခံရမည့် မူများတွင်လည်းကောင်း၊ အပိုဒ် ၃၆တွင် ဖော်ပြထားသည့် ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ အဆင့်သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး ချမှတ်ထားသော အသေးစိတ် အခြေခံရမည့်မူများတွင်လည်းကောင်း ပါရှိသည့် ရန်ကုန်မြို့တော် ဟူသော စကားရပ်အစား နေပြည်တော်ဟု ဖြည့်စွက် သင့်ပါကြောင်းနဲ့ ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၆)တွင် အဖွဲ့ဝင်အဖြစ် "ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ"ဟု ဖော်ပြထားသည့် စကားရပ်အစား "နေပြည်တော်ကောင်စီဥက္ကဋ္ဌ"လို့ ဖြည့်စွက်သင့်ပါကြောင်း။"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က–

"နိုင်ငံတော်၏ မြို့တော်သည် ရန်ကုန်မြို့မှ နေပြည်တော်သို့ ပြောင်းလဲ သတ်မှတ်သည့် အသေးစိတ်အခြေခံရမည့်မူ ချမှတ်ပြီးဖြစ်၍ ရန်ကုန်မြို့တော်ဟု ဖော်ပြခဲ့သည့် စကားရပ်များအစား "နေပြည်တော်" ဟု ပြင်ဆင်ဖြည့်စွက်သုံးစွဲသွားရန်နှင့် "ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ"ဟူသည့် စကားရပ်အစား "နေပြည်တော်ကောင်စီဥက္ကဋ္ဌ"ဟု ဖြည့်စွက်ရန်အချက်များကို အသေးစိတ် အခြေခံရမည့်မူများအဖြစ် ဖြည့်စွက်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က–

"ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်လိုက်သည့်အခါ ရန်ကုန်မြို့တော်ကောင်စီနှင့် စပ်လျဉ်းပြီး ချမှတ်ထားတဲ့ အသေးစိတ်အခြေခံရမည့်မူများကို နေပြည်တော်အတွက် ချမှတ်သွားရမှာဖြစ်ပါတယ်။ ဒါကြောင့် အပိုဒ် ၃၅ ပါ ပြည်ထောင်စုနယ်မြေဖြစ်တဲ့ ရန်ကုန်မြို့တော် အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ အပိုဒ် ၃၆ပါ ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ အဆင့်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ချမှတ်သည့် အသေးစိတ် အခြေခံရမည့်မူများတွင် ရန်ကုန်မြို့တော်အစား "နေပြည်တော်"ဟု ဖြည့်စွက်သင့်ပါကြောင်းနှင့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအတွက် အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၆)တွင် အဖွဲ့ဝင်အဖြစ် "ရန်ကုန်မြို့တော် ကောင်စီဥက္ကဋ္ဌ"ဟု ဖော်ပြထားသည့် စကားရပ် အစား "နေပြည်တော်ကောင်စီဥက္ကဋ္ဌ"လို့ ဖြည့်စွက်ရန် သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်၊ အပိုဒ် ၃၇ပါ ကိုကိုးကျွန်းမြို့နယ် အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ ဆက်လက်ဖော်ပြရန် လိုအပ်တော့မည်မဟုတ်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

"၁၉၉၆ ခုနှစ် မတ်လ ၂၈၊ ၂၉ နှင့် ၃၀ ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်ခဲ့သော အသေးစိတ် အခြေခံရမည့်မူများအနက် အပိုဒ် ၃၅ ပါ ပြည်ထောင်စုနယ်မြေဖြစ်သည့် ရန်ကုန်မြို့တော် အုပ်ချုပ်ရေးနှင့်စပ်လျဉ်းပြီး ချမှတ်ထားသည့် အသေးစိတ်အခြေခံရမည့်မူများတွင် လည်းကောင်း၊ အပိုဒ် ၃၆ တွင် ဖော်ပြထားသည့် ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ အဆင့်သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး ချမှတ်ထားသော အသေးစိတ် အခြေခံရမည့်မူများတွင် လည်းကောင်း ပါရှိသည့် ရန်ကုန်မြို့တော်ဟူသော စကားရပ်အစား နေပြည်တော်ဟု ဖြည့်စွက်ရန် သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၆၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲငယ် (၆)တွင် အဖွဲ့ဝင်အဖြစ် "ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ" ဟု ဖော်ပြထားသည့်စကားရပ်အစား "နေပြည်တော်ကောင်စီဥက္ကဋ္ဌ"လို့ ဖြည့်စွက်ရန်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ ။

❒ **ကျောက်မဲမှ**

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွဲဖက်ပြည်နယ် ပညာရေးမှူး ဦးခင်မောင်ထွေးက ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား၊ကျောင်းသူများအား ထူးချွန်စွာ အောင်မြင်ရေး အတွက် ဆောင်ရွက်ခဲ့ခြင်းနှင့် ပြည်နယ်၏ ပညာရည်မြင့်မားရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း)၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆု ချီးမြှင့်သည့်အခမ်းအနားကို ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းက ငါးဘာသာဂုဏ်ထူးရှင် နောင်ချိုမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ကိုကိုသန့်ဇင်၊ လေးဘာသာဂုဏ်ထူးရှင်များ ဖြစ်ကြသော လားရှိုးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ စိုင်းအောင်စန်၊ မောင်တေဇအောင်၊ မောင်ဗညားဦး၊ လားရှိုးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်စိုးကမ္ဘာစိတ်၊ မောင်ကျော်နိုင်၊ မစိန်စိန်ဝင်း၊ လားရှိုးမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ မဆွေ သက်နှင်းနှင့် ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဥက္ကာကိုကိုတို့အား ဆုများနှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တာဝန်ရှိသူများက သုံးဘာသာဂုဏ်ထူးရှင်များ၊ အောင်ချက်အကောင်းဆုံးမြို့နယ်နှင့် အထက်တန်း ကျောင်းများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုများနှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပညာရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများ ကိုယ်စား ထူးချွန်ကျောင်းသား တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကား ပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် လွတ်လပ်ရေးရရှိပြီး နှစ်(၃၀)ကြာမှ လားရှိုးမြို့၌ ဒေသကောလိပ်တစ်ခု ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်၌ ကောလိပ်အဆင့်သာမဟုတ်ဘဲ လားရှိုးတက္ကသိုလ်နှင့် လားရှိုးနည်းပညာ တက္ကသိုလ်၊ လားရှိုးကွန်ပျူတာတက္ကသိုလ်ဟူ၍ တက္ကသိုလ်ကြီးသုံးခုအထိ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အလားတူပင် အခြေခံပညာရေးပိုင်း၌ကြည့်လျှင် ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် ၁၉၈၈ ၌ အထက်တန်းကျောင်း ၂၃ ကျောင်း သာရှိရာမှ ယခုအခါ ၅၃ ကျောင်း တည်ဆောက်နိုင်ခဲ့ပြီး အထက်တန်းကျောင်း ၃၀ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ အလားတူ အလယ်တန်းကျောင်း လေးကျောင်း၊ မူလတန်းကျောင်း ၁၅၂၀ အထိ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ကြောင်း၊ နိုင်ငံတော်၌ ယင်းသို့ ပညာရေးကဏ္ဍနှင့် ကျောင်းများတိုးချဲ့ပေးသကဲ့သို့ ပညာခေတ်၌ နိုင်ငံတကာနှင့်ယှဉ်နိုင်အောင် နိုင်ငံတော်အကြီးအကဲက ဆရာ၊ ဆရာမများ အရည်အသွေးပြည့်ဝရေး ဆောင်ရွက်ရန် သင်ရိုးမာတိကာနှင့် သင်ရိုးညွှန်းတမ်း များ အစဉ်ခေတ်မီနေစေရေးဆောင်ရွက်ရန်၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံ အောင် ဆောင်ရွက်ရန်၊ စိတ်ဓာတ်နှင့်စည်းကမ်း ပြည့်စုံသူများဖြစ်အောင် လေ့ကျင့်ပေးရန်နှင့် တိုင်းပြည်နှင့်လူမျိုးကို ချစ်သောသူများဖြစ်အောင် လေ့ကျင့်ပေးရန် လမ်းညွှန်မှုပေးခဲ့ကြောင်း။

ယင်းလမ်းညွှန်ချက်အတိုင်း ပညာရေးပိုင်း၌ တာဝန်ရှိသူများက အလေး အနက်ထား လုပ်ဆောင်ရန်နှင့် စေတနာထားကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ဒေသ၌တာဝန်ရှိသော တိုင်းမှူးကလည်း ပညာရေးထူးချွန်သူများကို ထိုက်ထိုက် တန်တန် ချီးမြှင့်ခဲ့၍ နိုင်ငံ့ကိုယ်စား အထူးအားရဝမ်းသာမှု ဖြစ်ရကြောင်း၊ ယခုကဲ့သို့ ပံ့ပိုးပေးမှုများကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ပညာရေး တိုးတက်လာသည်ဟု ယူဆကြောင်း၊ ဆက်လက်၍ မိဘ၊ ဆရာ၊ ကျောင်းသား နှင့် တာဝန်ရှိအဖွဲ့အစည်းများက ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နိုင်ရန် ကြိုးပမ်းကြစေလိုကြောင်း၊ အားထားရသော ပညာတတ်လူငယ်များများ မွေးထုတ်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် လားရှိုးမြို့ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက ဓာတ်မာန်သီချင်းဖြင့် ဧည့်ခံဖျော်ဖြေ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားတွင် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ရှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၁ဦး အပါအဝင် ဂုဏ်ထူးရှင် စုစုပေါင်း ၂၀ဦးတို့အား ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် နမ္မတူမြို့နယ် မန်စံကျေးရွာရှိ ရွှေလီ-မန်စံ-ရွှေစာရံ (၂၃၀)ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေးစီမံကိန်း သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များအား စီမံကိန်း ရှင်းလင်းဆောင်၌ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(မြောက်ပိုင်း)လားရှိုး စီမံကိန်း မန်နေဂျာ ဦးအောင်ကျော်ဦးက အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် YUPD Co., Ltd.တို့ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မဂ္ဂါဝပ်၆၀၀ အင်အားရှိ ရွှေလီအမှတ်(၁) ရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားပမာဏ ကို အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်သို့ သွယ်တန်း၍ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာဦးဝင်းအောင်နှင့် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေ အနေကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစီမံကိန်းကို ၂၀၀၅ခုနှစ် အောက်တိုဘာလပိုင်းမှ စတင်တည် ဆောက်ခဲ့ပြီး ယခုအခါ မဟာဓာတ်အားလိုင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုသည် ဖောင်ဒေးရှင်းတိုင် ၈၂ရာခိုင်နှုန်း၊ တိုင်ဆင်ခြင်း ၃၄ ရာခိုင်နှုန်းနှင့် ကြိုးဆွဲ ခြင်း ၁၂ရာခိုင်နှုန်း ပြီးစီးနေကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် မန်စံ-လားရှိုး ကားလမ်းတစ်လျှောက် လမ်းဘေး ဝဲ၊ယာရှိ အောင်မြင်ဖြစ်ထွန်းနေ သော မိုးစပါးနှင့် ပြောင်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)




**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ထူးချွန်ကျောင်းသားတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)



## ကြည့်ရှုစစ်ဆေး

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ညောင်တုန်း ရေနံနှင့် သဘာဝဓာတ်ငွေ့ မြေတွင် ကြည့်ရှုစစ်ဆေးစဉ်။** (စွမ်းအင်)

➪ **ပခုက္ကူခရိုင်မှ**

ယနေ့ဖွင့်လှစ်လိုက်သော ငွေးချို တမံအပါအဝင် ဆည်၊ တမံ စုစုပေါင်း ၂၉ ခု တည်ဆောက်ပြီးဖြစ်၍ ဆည်ရေ သောက်ဧရိယာ ၄၄၉၇ ဧက တိုးချဲ့ စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း၊ ပခုက္ကူခရိုင် ဒေသဝမ်းစာဖူလုံရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ဆောင် ရွက်ခဲ့သည့် အသေးစားဆည်၊ ကန်၊ တမံငယ်များစီမံကိန်း၏ ရလဒ်ဖြစ် သည့် ငွေးချိုရေလှောင်တမံသည် ဒေသခံတောင်သူများအတွက် သားစဉ် မြေးဆက်တန်ဖိုးမဖြတ်နိုင်သည့် စီးပွား ရေးအထောက်အကူပြု အမွေအနှစ် ဖြစ်၍ ရေလှောင်တမံများ ရေရှည် တည်တံ့ခိုင်မြဲအောင်ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြပြီး ရေလှောင်တမံ၏ ရေဝေရေလဲဒေသ စိမ်းလန်းစိုပြည် အောင်၊ ရေပေးမြောင်း စနစ်များ မပျက်စီးအောင် ဆည်မြောင်းတာတမံ စည်းကမ်းများနှင့်အညီ ပြည်သူများက တာဝန်သိသိ ညီညီညွတ်ညွတ်ဝိုင်းဝန်း ထိန်းသိမ်း စောင့်ရှောက်ကြပါရန် မှာကြားသည်။

**၂၀၂ခုမြောက်**

ထို့နောက် ဒုတိယဝန်ကြီး ဦးအုန်း မြင့်က အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်သည့် ငွေးချိုရေလှောင် တမံသည်ပခုက္ကူခရိုင် စိမ်းလန်းစိုပြည် ရေးအစီအစဉ်နှင့် အကောင်အထည် ဖော်ခဲ့သည့် အသေးစားရေလှောင် တမံတစ်ခုဖြစ်ပြီး တပ်မတော်အစိုးရ လက်ထက် ၁၉၈၈ခုနှစ်နောက်ပိုင်း ဖွင့်လှစ်ခဲ့သော ၂၀၂ခုမြောက် ဆည် မြောင်း စီမံကိန်းဖြစ်ကြောင်း၊ ဒေသခံ တောင်သူကြီးများအနေဖြင့် လယ်ယာ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မား ရေးအတွက် ရေလှောင်တမံများ၏ အကျိုးပြုမှုကို အမိအရအသုံးချ ကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ရေစကြိုမြို့နယ်မှ ဒေသ ခံတစ်ဦးက ငွေးချိုရေလှောင်တမံ တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံ တော်အစိုးရအား ကျေးဇူးတင်ရှိ ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗိုလ်မှူးကြီးဘုန်းမော် ရွှေသည် ရေလှောင်တမံ ကမ္ပည်း ကျောက်စာတိုင်ကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဗိုလ်မှူးကြီးဘုန်းမော် ရွှေနှင့် ဒုတိယဝန်ကြီး ဦးအုန်းမြင့် တို့သည် ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေး ကြပြီး ငွေးချိုရေလှောင်တမံမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကာ ရေလှောင်တမံကို ကြည့်ရှုစစ်ဆေး ကြသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် စီမံကိန်းရှင်းလင်း ဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)ညွှန်ကြားရေးမှူး ဦးထွန်းအောင်လွင်က တမံတည် ဆောက်မှု၊ ရေပေးတူးမြောင်းများမှ ရေပေးစနစ်တို့ကို ရှင်းလင်းတင်ပြရာ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဒုတိယ ဝန်ကြီးဦးအုန်းမြင့်တို့က မကွေးတိုင်း နှင့် ရေစကြိုမြို့နယ် ဆည်အစုအဖွဲ့များ ဆည်ရေပေးဝေမှု၊ လျှပ်စစ်မြစ်ရေတင် လုပ်ငန်းများဖြင့် စိုက်ပျိုးရေ ပေးဝေ မှုတို့ကို တိုင်းအဆင့်တာဝန်ခံများအား ဆွေးနွေးမှာကြားသည်။

ငွေးချိုရေလှောင်တမံသည် ဆင်မ ဝင်းချောင်းပေါ်တွင် တည်ဆောက် ထားပြီး မြေသားတမံအမြင့် ၅၇ပေ၊ အလျားပေ၂၁၀၀ရှိကာ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၈၄၀ ရှိသည်။ အကျိုးပြုဧကမှာ ဧက ၄၀၀ဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)



**မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့ ငွေးချိုရေလှောင်တမံမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (လယ်/ဆည်)

# ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေ စစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၀**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ပုသိမ်မြို့ ကန်ကြီး ထောင့်မြို့နယ် ထုံးဘိုကျေးရွာအနီးရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ် (၅)ဓာတ်မြေဩဇာစက်ရုံ စီမံကိန်းတည်ဆောက်မည့်နေရာသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်း မန်နေဂျာ ဦးမြင့်လွင်က စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်း တင်ပြရာဝန်ကြီးက သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေးမှာကြားပြီး လိုအပ် သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါ လျက် ပုသိမ်မြို့ စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၁၃၉)သို့ သွားရောက်ပြီး စက်သုံးဆီ ဖြန့်ဖြူးရောင်းချနေမှုအခြေအနေ၊ စက်သုံးဆီဖြည့်တင်းသည့် ပန့်များ နှင့် စက်သုံးဆီသိုလှောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်သုံးဆီ အချင်အတွယ် မှန်ကန်စေရေး၊ ငွေကြေးစာရင်းဇယားများကို သတ်မှတ်ထား သော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေး၊ ပြည်သူများနှင့် အဆင်ပြေချောမောစွာ ဆက်ဆံရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ပုသိမ်မြို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ် ရေးလုပ်ငန်း တိုင်းရောင်းဝယ်ရေးအရာရှိရုံးသို့ ရောက်ရှိရာ တိုင်းရောင်းဝယ်ရေး အရာရှိ ဦးသန်းထွန်းဦးက ဧရာဝတီတိုင်းအတွင်း စက်သုံးဆီ လက်ခံရရှိမှုနှင့် ဖြန့်ဖြူးမှုအခြေအနေများ၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းက ဧက ၁၀၀ ၌ ကြက်ဆူပင် ၁၂၀၀၀၀ကျော် စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက စက်သုံးဆီများလေလွင့်ဆုံးရှုံးမှု မရှိစေရေး၊ မသမာမှုများ ပပျောက်စေရေး၊ စိုက်ပျိုးပြီး ခြံစည်းရိုးကြက်ဆူပင်များကို ဂရုတစိုက် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ယခုထက်ပို၍ တိုးချဲ့စိုက်ပျိုးသွား ရန်တို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေ သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ရေနံမြေ အထွေထွေမန်နေဂျာ ဦးမြင့်ကျော်က ညောင်တုန်းရေနံမြေ၏ လက်ရှိတူးဖော်ထုတ်လုပ်နေမှု အခြေအနေနှင့် တွင်းသစ် အမှတ်(၄၂)ကို အောင်မြင်စွာ တူးဖော်ဆောင်ရွက်ခဲ့မှုအခြေအနေများကို လည်းကောင်း၊ ဘူမိဗေဒအရာရှိချုပ် ဦးမြင့်ဦးက ညောင်တုန်းဒေသ၏ ထုတ်လုပ် ပေးနိုင်မည့် ရေနံသဘာဝဓာတ်ငွေ့အလားအလာများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ညောင်တုန်းဒေသတွင် တွင်းသစ်များ ဆက်လက်တူးဖော်သွားလာနိုင်ရေး၊ လာမည့်ပွင့်လင်းရာသီအတွင်း အလား အလာကောင်းသည့် အဖျောက်မြောက်ပိုင်းဒေသတစ်ဝိုက်၌ တွင်းသစ် အမှတ်(၄၂)ကို အောင်မြင်စွာ တူးဖော်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ တွင်းသစ် အမှတ်(၄၂)မှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေသုံးသန်းကျော်ကို ထုတ်လုပ်ပေးလျက်ရှိသည်။

ညနေပိုင်းတွင် ဝန်ကြီးသည် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့သို့ ရောက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်တို့မှ ပူးပေါင်းစီစဉ်သော ကွမ်းခြံကုန်းမြို့နယ်အတွင်းနှင့် အနီးပတ်ဝန်းကျင်မြို့နယ်၊ ကျေးရွာများမှ မျက်စိဝေဒနာရှင်များအား ကွမ်းခြံ ကုန်းမြို့နယ် ဓာတိမာန်ခန်းမအတွင်း အခမဲ့ မျက်စိ၊ မျက်မှန် စမ်းသပ်နေမှုနှင့် မြို့နယ် ပြည်သူ့ဆေးရုံခွဲစိတ်ဆောင်အတွင်း မျက်စိခွဲစိတ်ကုသနေမှု အခြေအနေ များကို သွားရောက်ကြည့်ရှုပြီး မျက်စိဝေဒနာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကာ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေး ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်သူများ စာဖတ်သည့်အလေ့အကျင့် ပိုမိုမြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်ရေးသည် အရေးကြီး စာဖတ်နှုန်းမြင့်မားလာအောင်ဆောင်ရွက်ရာတွင် အများစုဖြစ်သည့် ကျေးလက်လူထုကို ဦးတည်ဆောင်ရွက်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင်များ တွေ့ဆုံပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)





ရန်ကုန် ဩဂုတ် ၂၀

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။**

တွေ့ဆုံပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)၊ ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး(ဒေါက်တာတင်ထွန်းဦး)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

## ရွေးချယ်တာဝန်ပေး

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီအဖွဲ့ဝင်များအား ၂၀၀၆ခုနှစ် ဇူလိုင် ၁ရက်တွင် ရွေးချယ်တာဝန်ပေးအပ်ခဲ့ကြောင်း၊ ယနေ့ဆိုလျှင် ကာလအားဖြင့် ၁၃လရှိခဲ့ပြီဖြစ်ကြောင်း၊ အဆိုပါ ဗဟိုအမှုဆောင်ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းသည့် အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် စာပေလောကသားများပူးပေါင်း၍ နိုင်ငံတော်အကျိုး သယ်ပိုးဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း။

မိမိအနေဖြင့်လည်း ၂၀၀၆ခုနှစ် ဩဂုတ်လတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး အဖွဲ့အနေဖြင့် အမျိုးသားရေး၊ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေလောကသားများ ဖွံ့ဖြိုးတိုးတက်ရေး တို့ကို အခြေခံအချက်များအဖြစ် ချမှတ်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း၊ ယင်းအဖွဲ့သည် ယခုအခါ အဆိုပါ အခြေခံအချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရှိရကြောင်း။

ယခုတွေ့ဆုံပွဲကျင်းပခြင်းမှာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီအနေဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့သည့် ၁၃လတာ ကာလအတွင်းတွင် လုပ်ငန်းဆောင်ရွက်နိုင်မှုများ၊ အောင်မြင်မှုများ၊ အားနည်းချက် အားသာချက်များအပေါ် ညှိနှိုင်းသုံးသပ်ပြီး လာမည့်နှစ်၊ လာမည့်အနာဂတ်တွင် ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ရေးနှင့် အခြေခံအချက်(၃)ရပ်နှင့်အညီ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ပံ့ပိုးကူညီနိုင်မည့် ကိစ္စရပ်များကို ဗဟိုအမှုဆောင်ကော်မတီအဖွဲ့ဝင်များက ရှင်းလင်းတင်ပြနိုင်ရေးတို့အတွက်ပင် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွဲ့၏ ဆောင်ရွက်ချက်များကို ပဏာမရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦးက ဗဟိုအမှုဆောင်ကော်မတီနှင့် ကော်မတီအသီးသီးတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြောကြားရာတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် NGOအဖွဲ့အစည်း တစ်ခုအနေဖြင့် စည်းကမ်းစနစ်တကျဖြင့် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့အနေဖြင့် ပြည်သူများ၏ အားကိုးယုံကြည်သည့် အဖွဲ့ကြီးဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အလားတူအဖွဲ့အနေဖြင့် တစ်နှစ်တာကာလအတွင်း အခြေခံအချက်(၃)ချက် အကောင်အထည်ဖော် ဆောင်ရွက်မှုအပါအဝင် လုပ်ငန်းကဏ္ဍများစွာကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယင်းအခြေခံကောင်းများကို ယခုထက် ပိုမိုကောင်းမွန်အောင် စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်ဆောင်ရွက်သွားကြရန် လိုကြောင်း။

စာပေလောက ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပြည်သူများ စာဖတ်သည့် အလေ့အကျင့် ပိုမိုမြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်ရေးသည် အရေးကြီးသည့် အခြေခံအချက်ဖြစ်ကြောင်း၊ ပြည်သူများ စာများများဖတ်ရှုခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုကြောင်း၊ စာဖတ်နှုန်းမြင့်မားလာအောင်ဆောင်ရွက်ရာတွင် လူဦးရေအများစုဖြစ်သည့် ကျေးလက်လူထုကို Target Audience အဖြစ် သတ်မှတ်၍ ဦးတည်ဆောင်ရွက်သင့်ကြောင်း၊ ထို့အတူ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းတွင်သာမက ပြည်ပသို့လည်း ထိုးဖောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့အနေဖြင့် အမျိုးသားရေးအကျိုးစီးပွားကို ဖော်ဆောင်ရာတွင်လည်း အမျိုးသားရေးအမြင်ဖြင့် ပိုမိုဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ အဖျက်သမားများက မီဒီယာများမှတစ်ဆင့် နှောင့်ယှက်ဖျက်ဆီးနေမှုများကို အမျိုးသားရေးအမြင်ဖြင့် တုံ့ပြန်ချေဖျက်သွားကြရန်လည်း လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်း အနိုင်ရရှိ

**နေပြည်တော် ဩဂုတ် ၂၀**

၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကို ယနေ့ညနေ၃နာရီခွဲက နေပြည်တော်ပျဉ်းမနား ပေါင်းလောင်း အားကစားကွင်း၌ ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဘောလုံးအသင်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန နှစ်ဂိုး**
(သန်းဝင်း-တစ်ဂိုး၊ စိုးသီဟ-တစ်ဂိုး)

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန တစ်ဂိုး**
(သိန်းထိုက်လွင်-တစ်ဂိုး)

**ဒိုင်လူကြီး ဦးလှတင့် (အပြည်ပြည်ဆိုင်ရာဒိုင်လူကြီး)**

ယင်းပြိုင်ပွဲသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက် တက်ရောက် အားပေးခဲ့ကြသည်။

ဩဂုတ် ၂၁ရက် ညနေ ၃နာရီခွဲတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်း အားကစားကွင်း၌ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဘောလုံးအသင်းနှင့် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ (၁၀၇)

# (၃၉)ကြိမ်မြောက် မာဒေးကားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ချန်ပီယံ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ပွဲဦးထွက်အနိုင်ရရှိ

**ရန်ကုန် ဩဂုတ် ၂၀**

၂၀၀၇ခုနှစ် (၃၉)ကြိမ်မြောက် မာဒေးကားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ဒေသစံတော်ချိန် ၆နာရီခွဲတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ စတင်ကျင်းပသည်။

ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် လီဆိုသို ဘောလုံးအသင်းတို့ ပွဲဦးထွက် ယှဉ်ပြိုင်ကစားကြရာ လက်ရှိချန်ပီယံ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးကို ဒုတိယပိုင်းလေးမိနစ်တွင် စိုးမြတ်မင်းကသွင်းယူခဲ့ခြင်း ဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဩဂုတ် ၂၂ရက်တွင် အိမ်ရှင် မလေးရှားလက်ရွေးစင်ဘောလုံးအသင်းနှင့် ဒုတိယပွဲအဖြစ် ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၁-၈-၂၀၀၇ (အင်္ဂါနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | သစ္စာသုံးခိုင်နိဗ္ဗာန်တိုင် တရားတော် အရှင်ဉာဏောဘိသ (တညင်းကုန်းဆရာတော်) |
| ၈း၀၀ | သံတွဲမြို့မှအံ့ဖွယ်ထူးခြား သုံးဆူဘုရား |
| ၈း၁၀ | တေးဂီတအစီအစဉ် |
| ၈း၁၅ | Sunday Talk |
| ၉း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ | ပန်းတစ်ပွင့်တောင်နှင့် လမြတ်ဝါဆိုအကြောင်း သိကောင်းစရာ |
| ၉း၄၀ | တေးဂီတအစီအစဉ် |
| ၉း၄၅ | Basic Computer Learning For Beginner (Vol-19) Microsoft Powerpoint |
| ၉း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၅ | သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (လူမိုက်နှင့်ကင်းချမ်းသာခြင်း) |
| ၁၀း၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၀ | "တရားအားထုတ်သည် ဆိုရာဝယ်" [ဒေါက်တာချစ်ငယ်(ဒဿန) Ph.D] (အပိုင်း-၁) |
| ၁၁း၀၀ | တေးဂီတအစီအစဉ် |
| ၁၁း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၅ | လှပဆင်ယင် 925 ဖက်ရှင် |
| ၁၁း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ | Ecotourismဆွဲဆောင်ဖို့ သဘာဝကိုထိန်းသိမ်းစို့ "ဖိုးကျားဆင်စခန်း" (အပိုင်း-၂) |
| ၁၁း၅၀ | တေးဂီတအစီအစဉ် |
| ၁၁း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၀၀ | Music Gallery (ရဲလေး-အိမ်) |
| ၁၂း၃၀ | မြေပြင်ပေါ်မှာရွှေ့လျား ကိုယ်ဟန်ပေါ့ပေါ့ပါးပါး |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီ အထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

## U-21 International Friendly ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁း၀၀ | England-Romania | ESPN(Live) |

# NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိ မြောင်မြို့နယ်နှင့် စစ်ကိုင်းမြို့နယ်တို့မှ ပါတီဝင် ၁၈ ဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်း မြောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးဝိုက်၊ ဦးတင်ဝင်း၊ ဦးခင်မောင်မြင့်၊ ဦးကျော်ရန်နှင့် ဦးညွှန့်တင်တို့ အပါအဝင် ပါတီဝင် ၁၇ ဦးနှင့် စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် မောင်မျိုးမင်းသန့်တို့သည် ဩဂုတ် ၁၀ ရက်တွင် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မြောင်မြို့နယ်နှင့် စစ်ကိုင်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သောနုတ်ထွက်လွှာတွင် NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိ၊ NLD ပါတီ၏ လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

# နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

**အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိ အဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

အစည်းအဝေးများ မစတင်မီ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံ ကိုယ်စားလှယ်များသည် အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

## နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ညနေ ၃နာရီတွင် ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောက ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ရှမ်းပြည် ကိုးကန့် ဒီမိုကရက်တစ်ပါတီမှ ဦးလီကွယ်ချင်းနှင့် ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးစောဖီးလစ်(ခ) ဦးဖီးလစ်ဆမ် တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြား ရေးမှူး ဦးခင်မောင်ဖြူနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ရာခိုင်နှုန်း အားဖြင့် ၉၃ ဒသမ ၁ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောက အဖွင့်အမှာ စကားပြောကြားပြီး အမျိုးသားညီလာခံက ချမှတ်ထားပြီး ဖြစ်သည့် အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံ ရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို ပြန်လည်ဖတ်ကြားရှင်းလင်းတင်ပြ၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် နိုင်ငံရေးပါတီ အသီးသီးတို့၏ အကြံပြု သဘောထား တောင်းခံကာ သဘောထားတင်ပြချက် စာတမ်း စုပေါင်းပြုစုရန် ညှိနှိုင်း ဆွေးနွေးကြသည်။




**နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ အလှည့်ကျသဘာပတိ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီမှ ဦးထွန်းရင်လော အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာ စကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

## အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်း အဝေးကို ညနေ ၃နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်မှ ဦးဘိုသိန်းက ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်း အလုံမြို့နယ်မှ ဒေါက်တာ မျိုးသန့်တင်နှင့် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်မှ ဦးကျော်ဝင်းထွန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူး အဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တွဲဖက်အခမ်းအနားမှူး အဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ရာခိုင်နှုန်း အားဖြင့် ၉၅ ဒသမ ၇၄ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိက အဖွင့်အမှာ စကားပြောကြားပြီး အမျိုးသားညီလာခံက ချမှတ်ထားပြီး ဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့် မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ပယ်ဖျက်သင့်သည့် အခြေခံ ရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်း ရာတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့ သဘာပတိအဖွဲ့ဝင် ပဲခူးတိုင်း ပန်းတောင်းမြို့နယ်မှ ဦးကျော်မျိုးဝင်းက အလုပ်သမား ကိုယ်စားလှယ်များအား ပြန်လည်ဖတ်ကြားရှင်းလင်း တင်ပြ၍ အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)




**အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျ သဘာပတိ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်မှ ဦးဘိုသိန်း အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

## နိုင်ငံတော် ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တ သိရိန္ဒရ ပျံလွန်တော်မူ

ရန်ကုန် ဩဂုတ် ၂၀

နိုင်ငံတော် ဩဝါဒါစရိယ ဧရာဝတီတိုင်း ပုသိမ်မြို့ နှစ်ကျိပ်ရှစ်ဆူလမ်းရှိ ကမ္ဘာအေးကျောင်းတိုက်ဆရာတော် သိက္ခာတော်(၈၂)ဝါ၊ သက်တော်(၁၀၂)နှစ်ရှိ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သိရိန္ဒရသည် ယနေ့ နံနက် ၄ နာရီခွဲတွင် အဆိုပါကျောင်းတိုက်၌ပင် ဘဝနတ်ထံ ပျံလွန်တော်မူသွားကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၂၁–၈–၂၀၀၇ (အင်္ဂါနေ့ )

### ၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း(၈)ရက် (ဥပုသ်နေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ ဇောတိက တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ ထုထည်ကြီးမားထင်ရှားဇေကန် ဓမ္မရုံ
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၆။ ကဗျာပန်းဥယျာဉ်
၈း၁၅ ၇။ အဆိုပြိုင်ပွဲ
၈း၃၀ ၈။ International News.
၈း၄၀ ၉။ Islands of Dhamma.
၈း၅၀ ၁၀။ **ဘဒ္ဒန္တ ဇောတိပါလ(အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမဇောတိက) နိုင်ငံတော် ဩဝါဒါစရိယ တွဲဖက်ရွှေကျင် သာသနာပိုင် သီရိမင်္ဂလာ ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူး မြို့ ပဲခူးတိုင်းထံမှ နဝင်္ဂဥပေါသထ သီလ ခံယူဆောက်တည်ခြင်း**
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃)အခြေခံ ပညာဦးစီးဌာန၊ ပဌမအကြိမ် ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု) (အထက–၁၊ သန်လျင်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၄း၅၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ )
၅း၀၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၅း၁၀ ၆။ ဆိုကြမယ်၊ ပျော်ကြမယ်
၅း၅၀ ၇။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင် များ လေ့လာနိုင်ကြရန် (မဟာဂီတ)(ဝါသနာရှင်၊ ဒုတိ ယတန်း)အဆင့်)(အမျိုးသား/ အမျိုးသမီး)
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၃၀ ၉။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀ ၁၁။ သတိပြုစရာသွေးလွန်တုပ်ကွေး ရောဂါ(အပိုင်း–၁)
၇း၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သောနေခြည်” (အပိုင်း–၅)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရေသူမလေး ဒုတိယချစ်ပုံပြင်” (အပိုင်း–၃၈)**
၁၇။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တ သာရာဘိဝံသ၏ အရပ်ဆယ် မျက်နှာ မေတ္တာဘာဝနာ ပွားများ ခြင်း တရားတော်**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၀

**အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၀၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆရာ၊ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်ကြေညာသည်။**

ဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများသည် **‘နည်းပညာတိုးတက်မှုနှင့် ဆရာ့တာဝန်’** ခေါင်းစဉ်ဖြင့် စာလုံးရေ ၃၀၀၀ ထက်မနည်း၊ ၄၀၀၀ ထက်မများ ရေးသားယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲသို့ ဝန်ကြီးဌာနအသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများတွင် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများနှင့် အငြိမ်းစား ဆရာ၊ ဆရာမများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အခြေခံပညာအဆင့်ပြိုင်ပွဲကို အထက်တန်းပြ ဆရာများ၊ အလယ်တန်းပြဆရာများ၊ မူလတန်းပြဆရာများဟူ၍ သုံးပိုင်းခွဲထားပြီး အငြိမ်းစားဆရာ၊ ဆရာမများလည်း သက်ဆိုင်ရာအဆင့်လိုက် ပါဝင်ယှဉ်ပြိုင် နိုင်သည်။ ပြိုင်ပွဲဝင်စာမူကို ကွန်ပျူတာ၊ လက်နှိပ်စက်၊ လက်ရေးကြိုက်နှစ်သက်ရာဖြင့် A4 အရွယ်အစား စက္ကူဖြင့် စာမျက်နှာတစ်ဖက်တည်းတွင် ရှင်းလင်းပြတ်သားစွာ ရေးသားထားသည့် စာမူနှစ်စောင် (မူရင်းနှင့်မိတ္တူ)၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်၊ ကိုယ်ရေးအကျဉ်းနှင့် တစ်လက်မခွဲ x နှစ်လက်မအရွယ် ရောင်စုံလိုင်စင်ဓာတ်ပုံ သုံးပုံတို့ကို စာအိတ်ဖြင့်လုံခြုံစွာထည့်ပြီး ဦးထွန်းလှ ဒုတိယညွှန်ကြားရေးမှူးချုပ် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ၁၂၃ နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ စက်တင်ဘာ ၁၄ ရက် နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




**ဩဂုတ် ၁၇ရက်က အမှတ်(၅) မူလတန်းကြိုကျောင်း တာမွေ ကျောင်းစည်းဝေးခန်းမဆောင်၌ ကျင်းပသော မိဘဆရာအသင်း သင်းလုံးကျွတ်အစည်းအဝေးနှင့် ရင်သွေးငယ်တို့၏ ပဒေသာကပွဲ၌ သားငယ်၊ သမီးငယ်တို့ စုပေါင်းပြီး စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ် သီချင်းဖြင့် ကပြသီဆိုဖျော်ဖြေစဉ်။** (၄၁)




ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် ပန်းတနော်မြို့နယ် တောကျောင်းကျေးရွာအုပ်စု ယင်းတိုက်ကုန်း အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည့် ရေကြီးရေလျှံမ်းခဲ့သော ကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် ဆန်အိတ်များ၊ အဝတ်အထည်များနှင့်ရေသန့်ပစ္စည်းများပေးအပ်လှူဒါန်းစဉ်။ (နယ်စပ်/စည်ပင်)

# ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ရေကြီးရေလျှံမ်းခဲ့သောကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများပေးအပ်

ရန်ကုန် ဩဂုတ် ၂၀

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၉ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ ဓမ္မာရုံ၌ ကျင်းပသော ညောင်တုန်းမြို့နယ်အတွင်း ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေကြီးရေလျှံမ်းခဲ့သော ကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**

အစီအစဉ်အရ ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်က ညောင်တုန်းမြို့နယ်အတွင်း ကျေးရွာများရေကြီးခဲ့မှု အခြေအနေများနှင့် ပါဝင်ပူးပေါင်း ကူညီမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ညောင်တုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တွဲဖက်အတွင်းရေးမှူး ဦးတိုးလှိုင်က အသင်းကြီးမှ ပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က အမှာစကား ပြောကြားသည်။ ယင်းနောက် စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဦးစိုးကိုကိုက ရေသန့်စင်ပစ္စည်းများ သုံးစွဲပုံစနစ်ကို ရှင်းလင်းပြသသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ပါလှဲ့ကျေးရွာအုပ်စု ရွာမနှင့် ကုန်းတန်း ကျေးရွာတို့မှ အိမ်ထောင်စုဝင်များအား ဆန်အိတ် ၂၀၊ အဝတ်ထည် အစုံ ၃၀၀၊ ရေသန့်ပစ္စည်းအစုံ ၂၀၀တို့ကို ပေးအပ်ရာ ပါလှဲ့ကျေးရွာကိုယ်စားလှယ်များက လက်ခံကြသည်။

ဆက်လက်၍ ပန်းတနော်မြို့နယ် တောကျောင်းကျေးရွာအုပ်စု ယင်းတိုက်ကုန်း အခြေခံပညာ အထက်တန်းကျောင်း၌ ရေကြီးရေလျှံမ်းခဲ့သော ကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ဒေါင့်ကြီးကျေးရွာ၊ ကျောင်းတော်ကလေးကျေးရွာနှင့် အနောက်မရမ်းကုန်း စာဖြူစု ကျေးရွာများမှ အိမ်ထောင်စုဝင်များအား ဆန်အိတ် ၅၀၊ အဝတ်အထည်အစုံ ၁၂၀၀၊ ရေသန့်ပစ္စည်းအစုံ ၅၀၀တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာအလိုက် ကိုယ်စားလှယ်များက လက်ခံကြသည်။

ထို့နောက် ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်) နာယက ဦးသိန်းအောင်က ဆန်အိတ် ၁၈၀၊ ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမြင့်ကျော် (အငြိမ်းစား) က ငွေကျပ်ခုနစ်သိန်းတန်ဖိုးရှိ ဆေးပစ္စည်းမျိုးစုံတို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာအလိုက် ကိုယ်စားလှယ်များက လက်ခံကြသည်။

ဆက်လက်၍ ဓနုဖြူမြို့နယ် သပြုကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသော ရေကြီးရေလျှံမ်းခဲ့သော ကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ဝကွန်နှင့် သိန်းဆိပ်ကျေးရွာ ပြည်သူများသို့ ဆန်အိတ် ၂၀၊ အဝတ်အထည်အစုံ ၃၀၀၊ ရေသန့်ပစ္စည်းအစုံ ၂၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာနေပြည်သူများကိုယ်စား ကိုယ်စားလှယ်များက လက်ခံကြသည်။

ထို့နောက် ဓနုဖြူမြို့နယ် ဆန်စက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးစောမောင်က ဆန်အိတ် ၂၅အိတ်၊ ဓနုဖြူမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ဝင်းထွန်းက ဆန်နှစ်အိတ်နှင့် မြို့ပေါ်စေတနာရှင် ပြည်သူများ စုပေါင်းလှူဒါန်းငွေ ၃၅၇၈၂၅ ကျပ်ကို အလှူရှင်များ ကိုယ်စား နဝရတ်စားသောက်ဆိုင်မှ ဦးဇော်မင်းက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

(သတင်းစဉ်)

# ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် အကောင်အထည်ဖော်မှု တတိယနှင့်စတုတ္ထအကြိမ် အမျိုးသားအဆင့် အစီရင်ခံစာ ရေးသားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၀

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကျင်းပသည့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် အကောင်အထည်ဖော်မှု တတိယနှင့် စတုတ္ထအကြိမ် အမျိုးသားအဆင့် အစီအရင်ခံစာ ရေးသားရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ကုမုဒြာဟိုတယ်၌ကျင်းပရာ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် တက်ရောက် အမှာစကားပြောကြားသည်။** (အောက်ပုံ)





အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယရှေ့နေချုပ်ဦးမြင့်နိုင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်) ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha နှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်း အသီးသီးမှ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ဆောင်ရွက်ချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနှီးနှောဖလှယ်ပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် အကောင်အထည်ဖော်မှု တတိယနှင့်စတုတ္ထအကြိမ် အမျိုးသားအဆင့် အစီရင်ခံစာအပေါ် အကြံဉာဏ်များပေးကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် (CRC) ကို ၁၆-၇-၁၉၉၁နေ့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ၁၅-၈-၁၉၉၁ နေ့တွင် အဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့ကြောင်း၊ သဘောတူစာချုပ် (CRC) ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ကလေးသူငယ်အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် မြန်မာနိုင်ငံ ကလေးသူငယ်ဥပဒေ (Child law) ကို ၁၄-၇-၁၉၉၃ရက်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပြီး ကလေးသူငယ် ဥပဒေကို ထိထိရောက်ရောက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နည်းဥပဒေ (Rules and Regulations ralated to child law) ကို ၂၁-၁၂-၂၀၀၁ရက်မှာ ထုတ်ပြန်ခဲ့ကြောင်း။

မြန်မာနိုင်ငံသည် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ အပြည်ပြည်ဆိုင်ရာတရားဝင်စာချုပ် (International Instrument) တစ်ခု၏ အဖွဲ့ဝင်နိုင်ငံ (State Party )အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ကဏ္ဍများကို အစဉ်တစိုက် လိုက်နာဆောင်ရွက်လျက်ရှိကြောင်း။

CRC State Party ၏ တာဝန်တစ်ရပ်ဖြစ်သည့် အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို အစီရင်ခံစာ တင်သွင်းရေးကဏ္ဍတွင် မြန်မာနိုင်ငံအနေနှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အကောင်အထည်ဖော်မှု ပထမအကြိမ် အမျိုးသားအဆင့် အစီရင်ခံစာကို ၁၉၉၅ခုနှစ်တွင် လည်းကောင်း၊ ဒုတိယအကြိမ် အမျိုးသားအဆင့် အစီရင်ခံစာကို ၂၀၀၂ခုနှစ်တွင် လည်းကောင်း ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ (UNCRC) သို့ တင်ပြနိုင်ခဲ့ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ ကလေးသူငယ်များဆိုင်ရာ အမျိုးသား လုပ်ငန်းအစီအစဉ်(၂၀၀၆-၂၀၁၅) ကို ချမှတ်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း၊ ယခု ၂၀၀၈ခုနှစ် ဩဂုတ်လမှာ တတိယနှင့် စတုတ္ထအကြိမ် အမျိုးသားအဆင့် အစီရင်ခံစာ တင်သွင်းရမှာ ဖြစ်ကြောင်း။

တတိယနှင့် စတုတ္ထအကြိမ် အမျိုးသားအဆင့် အစီရင်ခံစာ (ဒုတိယမူကြမ်း)ကို ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ (၂/၂၀၀၇)အစည်းအဝေးမှာ တင်ပြခဲ့ပြီး ဖြစ်ကြောင်း၊ အမျိုးသားကော်မတီကို ဆက်လက်မတင်ပြမီ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေး အကြံဉာဏ်များ ပေးနိုင်ရေးအတွက် ယခုလို အလုပ်ရုံဆွေးနွေးပွဲ များကို ကျင်းပရခြင်းဖြစ်ကြောင်း။

ယခု တတိယနှင့် စတုတ္ထအကြိမ် အမျိုးသားအဆင့် အစီရင်ခံစာ ပြုစုရာတွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်၏ အဓိကအခွင့်အရေး (၄)ရပ်ဖြစ်သည့် အသက်ရှင်သန်ခွင့်(Survival)၊ ဖွံ့ဖြိုးတိုးတက်ခွင့် (Development)၊ ကာကွယ်စောင့်ရှောက်ခွင့် (Protection) နှင့် ပါဝင်ဆောင်ရွက်ခွင့် (Participation) ဆိုသည့် (right-based) အပေါ်အခြေခံပြီး ရေးသားပြုစုထားတာ ဖြစ်ကြောင်း။

ရေးသားပြုစုရေး အဖွဲ့ဝင်များ၏ ခေါင်းဆောင်မှုအောက်အတွင်း စုစုစည်းစည်းနှင့် ညှိနှိုင်းတိုင်ပင်ပြီး အားထုတ်ရေးသားပြုစုခဲ့မှုကိုလည်း ကျေးဇူးတင်ရမှာဖြစ်ကြောင်း၊ ထို့အပြင် အစီရင်ခံစာ၏ အားနည်းချက်၊ အားသာချက်များကိုလည်း သုံးသပ်ဆွေးနွေး အကြံဉာဏ်ကောင်းများ ပေးကြရန်၊ ပြင်ဆင်ဖြည့်စွက်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha က အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တက်ရောက်လာကြသော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက ယေဘုယျ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ယေဘုယျစည်းမျဉ်းများ၊ အခွင့်အရေးနှင့် လွတ်လပ်မှုများ၊ မိသားစုအသိုက်အဝန်းနှင့် ပြုစုစောင့်ရှောက်မှုများ၊ အခြေခံကျန်းမာရေးနှင့် လူမှုရေး၊ ပညာရေး၊ အားလပ်မှု၊ အပန်းဖြေမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများ၊ အထူးကာကွယ် စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များနှင့် စပ်လျဉ်း၍ အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



ဩဂုတ် ၁၅ရက်က အထက(၃) မင်္ဂလာတောင်ညွန့်၏ ကျောင်းကျန်းမာရေးသီတင်းပတ်ဆောင်ရွက်မှု အစီအစဉ်အရ အာဟာရအုပ်စု ပညာပေးပြခန်းသို့ မြန်မာနိုင်ငံ ဆရာဝန်များအသင်း(ရန်ကုန်) အမျိုးသမီး ဆရာဝန်များအဖွဲ့မှ ဒုဥက္ကဋ္ဌဒေါက်တာဒေါ်ခင်မာအေးနှင့်အဖွဲ့ လှည့်လည်ကြည့်ရှုစဉ်။ (ပညာရေး)

## စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းများ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ(၃၁)ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

**(၁) အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။**
**(၂) ဇီဝဗေဒ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။**

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

**(၁) အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။**
**(၂) သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။**

(ဂ) **စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ(၂)ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

**(၁) အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။**
**(၂) သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။**

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုရမည်-

(က) **နေပြည်တော်** အမှတ်(၇) တည်းခိုရေးစခန်း၊ ရွာတော်။
(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဃ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(င) **တောင်ကြီးမြို့** သံလွင်ခန်းမ။
(စ) **မော်လမြိုင်မြို့** ရွှေနတ်တောင် တပ်မတော် အထက။
(ဆ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင် အားကစားခန်းမ။
(ဇ) **စစ်တွေမြို့** ဇမ္ဗူလခန်းမ။
(ဈ) **မုံရွာမြို့** အထက(၂)အလုံ၊ တပ်မတော်ကျောင်း။
(ည) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဋ) **ရန်ကုန်မြို့**

(၁) **စစ်တက္ကသိုလ်**ဗိုလ်လောင်းများအတွက်
(ကက) ခုံအမှတ် (၁) မှ (၁၃၀၀)အထိ - အထက(၂)၊ မင်္ဂလာဒုံ။
( ခခ ) ခုံအမှတ် (၁၃၀၁) မှ (၂၆၀၀)အထိ - ပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ရန်ကင်း။
( ဂဂ ) ခုံအမှတ် (၂၆၀၁) နောက်ပိုင်း - အလက(၄)၊ မင်္ဂလာဒုံ။
(၂) **တပ်မတော်ဆေးတက္ကသိုလ်** ဗိုလ်လောင်းများအတွက်-အထက(၂)၊ မင်္ဂလာဒုံ။
(၃) **တပ်မတော်နည်းပညာတက္ကသိုလ်** ဗိုလ်လောင်းများအတွက်-အထက(၂)၊ မင်္ဂလာဒုံ။

(ဌ) **ပုသိမ်မြို့**

(၁) **စစ်တက္ကသိုလ်** ဗိုလ်လောင်းများအတွက်
(ကက) ခုံအမှတ် (၁) မှ (၂၀၀)အထိ - တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ။
( ခခ ) ခုံအမှတ် (၂၀၁) မှ နောက်ပိုင်း - တပ်နယ်အားကစားရုံ။
(၂) **တပ်မတော်ဆေးတက္ကသိုလ်** ဗိုလ်လောင်းများအတွက်-တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ။
(၃) **တပ်မတော်နည်းပညာတက္ကသိုလ်** ဗိုလ်လောင်းများအတွက်
(ကက) ခုံအမှတ် (၁) မှ (၂၀၀)အထိ - တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ။
( ခခ ) ခုံအမှတ် (၂၀၁) မှ နောက်ပိုင်း - တပ်နယ်အားကစားရုံ။

(ဍ) **မန္တလေးမြို့**

(၁) **စစ်တက္ကသိုလ်** ဗိုလ်လောင်းများအတွက်
(ကက) ခုံအမှတ် (၁) မှ (၁၄၀၀)အထိ - အထက(၁၈)၊ နန်းတွင်း။
( ခခ ) ခုံအမှတ် (၁၄၀၁) မှ (၁၉၃၀)အထိ - အမက(၆)၊ နန်းတွင်း။
( ဂဂ ) ခုံအမှတ် (၁၉၃၁) မှ (၂၁၈၂)အထိ - အမက(၅)၊ နန်းတွင်း။
(ဃဃ) ခုံအမှတ် (၂၁၈၃) မှ နောက်ပိုင်း - တပ်နယ်ခန်းမ။
(၂) **တပ်မတော်ဆေးတက္ကသိုလ်** ဗိုလ်လောင်းများအတွက်
(ကက) ခုံအမှတ် (၁) မှ (၁၄၀၀)အထိ - အထက(၁၈)၊ နန်းတွင်း။
( ခခ ) ခုံအမှတ် (၁၄၀၁) မှ နောက်ပိုင်း - အမက(၆)၊ နန်းတွင်း။
(၃) **တပ်မတော်နည်းပညာတက္ကသိုလ်** ဗိုလ်လောင်းများအတွက်
(ကက) ခုံအမှတ် (၁) မှ (၁၄၀၀)အထိ - အထက(၁၈)၊ နန်းတွင်း။
( ခခ ) ခုံအမှတ် (၁၄၀၁) မှ (၁၉၃၀)အထိ - အမက(၆)၊ နန်းတွင်း။
( ဂဂ ) ခုံအမှတ် (၁၉၃၁) မှ နောက်ပိုင်း - အမက(၅)၊ နန်းတွင်း။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ် စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့ လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့် နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးလက်မှတ်ကို တစ်ပါတည်းယူဆောင်လာရမည်။ နိုင်ငံသားစိစစ်ရေးလက်မှတ် တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့် မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

# မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်း ခြစည်းရိုးကြက်ဆူပင်များ ဝေငှပေး

ရန်ကုန် ဩဂုတ် ၁၉

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၃၁ ရက်က မော်လမြိုင်မြို့နယ်အတွင်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။



ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့်အဖွဲ့သည် မော်လမြိုင်မြို့ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခြံစည်းရိုးကြက်ဆူပင် ၁၅ ဧက စိုက်ခင်းသို့ရောက်ရှိကြရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးရွှေနှင့် တာဝန်ရှိသူတို့က ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးခဲ့မှု၊ ဆက်လက် ပျိုးထောင်သွားမည့် အစီအစဉ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ဧကပြည့်မီအောင် ဆက်လက်စိုက်ပျိုးသွားရေး မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် မော်လမြိုင်မြို့ လေယာဉ်ကွင်းဝန်းကျင်ရှိ ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူပင်ဧက ၃၀၀ စိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး တိုင်းမှူးက တာဝန်ရှိသူများအား ခြံစည်းရိုးကြက်ဆူပျိုးပင်များနှင့် မျိုးပွားကိုင်းများ ဆက်လက်ပျိုးထောင်မျိုးပွားပြီး မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ စိုက်ပျိုးလိုသူများအား မျိုးပွားဖြန့်ဝေပေးရေး မှာကြားသည်။

တိုင်းမှူးနှင့်အဖွဲ့သည် ဩဂုတ် ၄ ရက်တွင် မော်လမြိုင်မြို့ နောင်ခရီကျေးရွာ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ကြပြီး ခြံစည်းရိုးကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

အဆိုပါ ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲတွင် တိုင်းမှူးက မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များအား ခြံစည်းရိုးကြက်ဆူပင်များကို ဝေငှပေးပြီး**(အပေါ်ပုံ)** တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ကျောင်းသား၊ကျောင်းသူများက ခြံစည်းရိုးကြက်ဆူပင်၂၄၀၀၀ ကို တပျော်တပါး စိုက်ပျိုးပေးကြသည်။ **(သတင်းစဉ်)**

# သမိုင်းဝင်ကြို့တူစေတီတော် ရက်ကန်းခတ်ပြိုင်ပွဲကျင်းပ

ဝေါ ဩဂုတ် ၂

ပဲခူးတိုင်း ဝေါမြို့ သမိုင်းဝင် ကြို့တူစေတီတော်မြတ်ကြီးတွင် ပထမအကြိမ် ဝါဆိုရွှေကြာသင်္ကန်း ရက်ကန်းခတ်ပြိုင်ပွဲကို ဇူလိုင် ၂၇ ရက် ညနေ ၄ နာရီ တွင် စေတီတော် တန်းဆောင်း၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နု၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်လွင်၊ ပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်တရားသူကြီး ဦးထွန်းကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပြိုင်ပွဲသို့ မြို့ပေါ် ခြောက်ရပ်ကွက်မှ ရက်ကန်းစင် ခြောက်စင်ဝင်ရောက်ယှဉ်ပြိုင်ကြရာ သစ်စက်ကိုယ်စားပြု ခေမာစင်တော်ကပထမ၊ အေးချမ်းသာယာရပ်ကွက် ကိုယ်စားပြု ပပဝတီစင်တော်က ဒုတိယ၊ ဘိုးဘုံ ရပ်ကွက် ကိုယ်စားပြု မယ်တော်မာယာ စင်တော်က တတိယဆု အသီးသီးရရှိကြသည်။ **(မြို့နယ်ပြန်/ဆက်)**



# တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့်ဇနီး ငါးမျိုးစိုက်ထည့်

ကျောက်တော် ဩဂုတ် ၁

ရခိုင်ပြည်နယ် ကျောက်တော်မြို့ရှိ ပြိုင်းချောင်း ရေလှောင်တမံအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက် ၉နာရီတွင် ကျင်းပရာ ရှေးဦးစွာ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းမြင့်က ငါးမျိုးစိုက်ထည့်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့်ဇနီး ဒေါ်ကျော့ကျော့စံတို့က အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူငါးသားပေါက်(ငါးမြစ်ချင်း)ကောင်ရေတစ်သိန်းကို ဆည်အတွင်း မျိုးစိုက်ထည့်ပေးခဲ့သည်။ **(အပေါ်ပုံ)**

**(ခရိုင်ပြန်/ဆက်)**



# အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)အဆိုပြုလွှာပေးအပ်

မန္တလေး ဩဂုတ် ၁၃

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)၊ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲကို ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီတွင် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးငွေအောင်နှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊သင်တန်းနည်းပြများ၊ ဆရာ၊ ဆရာမများ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်နှင့် အလုပ်အမှုဆောင်များ၊ မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းဝေနှင့် အလုပ်အမှုဆောင်များ၊ ချမ်းမြသာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းဝင်းနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ ကျောင်းသား၊ ကျောင်းသူများ၊သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်က အမှာစကား ပြောကြားသည်။

ထို့နောက် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)မှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် တက်ရောက်လျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၇၂ စောင်ကို သင်တန်းသူတစ်ဦးက တိုင်းအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်ထံ ပေးအပ်သည်။ **(အပေါ်ဝဲပုံ)** **(၄၆၉)**

## ပေးအပ်လှူဒါန်း

**အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာ စေတီတော်ကြီးအတွက် ပုဇွန်တောင်မြို့နယ် ရေကျော်ဗိုလ်ဇဝါလမ်းနေ ဦးဘဌေး-ဒေါ်သင်းကြည်မိသားစုက အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



## ကြေးမုံ The Mirror
## မြို့နယ်သတင်းများ

**ကျုံပျော်မြို့ တာသစ် လမ်းဘေးဝဲ၊ ယာတစ်လျှောက် ရေနုတ်မြောင်းဆယ်ယူခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်းကို အဖွဲ့ဝန်ထမ်းများဆောင်ရွက်ရာ တာဝန်ခံအင်ဂျင်နီယာနှင့် အမှုဆောင်အရာရှိတို့ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



# မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ပညာပေး

မိုးညှင်း ဩဂုတ် ၇

မိခင်နို့ စနစ်တကျ တိုက်ကျွေးရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၆ ရက်က မိုးညှင်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းရုံး၌ ကျင်းပရာ မိုးညှင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်အေးက အမှာစကား ပြောကြားပြီး မိခင်နို့ စနစ်တကျ တိုက်ကျွေးရေးနှင့် စပ်လျဉ်း၍ မြို့နယ်ကျန်းမာရေး ဆရာမ ဒေါ်ခင်ထွေးက ဆွေးနွေးဟောပြောသည်။

### လက်တွေ့ပြသ

ထို့နောက် မိုးညှင်းခရိုင် ဆေးရုံအုပ် ဒေါက်တာစန်းစန်းနှင့် ကျန်းမာရေး ဆရာမများက နို့တိုက်မိခင်များအား မိခင်နို့ စနစ်တကျ တိုက်ကျွေးခြင်းကို လက်တွေ့ပြသပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးနှင့် အဖွဲ့ဝင်များက ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆားနှင့် သံဓာတ်အားဆေးများ ဝေငှကြသည်။ **(မြို့နယ်ပြန်/ဆက်)**



**ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ခရမ်းမြို့အဝင် လမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာ ချုံနွယ်များ မြက်များရှင်းလင်းခြင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသောင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးနေမျိုးလင်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)

# ကာကွယ်ဆေးတိုက်ကျွေး

နေပြည်တော်တပ်ကုန်း ဩဂုတ် ၅

နေပြည်တော်တပ်ကုန်း ဘုရင့်နောင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဩဂုတ် ၄ ရက်က တစ်နှစ်အောက် ကလေးငယ်များအား ကာကွယ်ဆေး တိုက်ကျွေးခြင်း၊ ကာကွယ်ဆေး ထိုးခြင်းနှင့် ပေါင်ချိန် ပြည့်၊ မပြည့် စစ်ဆေးခြင်းကို ဆောင်ရွက်ကြသည်။

ကာကွယ်ဆေး တိုက်ကျွေးရာတွင် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ အောင်ငွေစံနှင့် ကျန်းမာရေး ဆရာမများ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ခေါ်ခင်မျိုးမျိုးကျော်နှင့် အလုပ်အမှုဆောင်များက ဘုရင့်နောင်ရပ်ကွက်၊ မြဝတီရပ်ကွက်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ ဆရာစံရပ်ကွက်နှင့် အောင်ဇေယျရပ်ကွက်တို့မှ တစ်နှစ်အောက်ကလေးငယ်များအား ဆုံဆို့ကြက်ညှာ၊ မေးခိုင်၊ ပိုလီယို၊ ဝက်သက်ကာကွယ်ဆေးများထိုးခြင်း၊ ဆေးတိုက်ကျွေးခြင်း၊ ပေါင်ချိန်ခြင်း ဆောင်ရွက်ကြရာ ရပ်ကွက်ဥက္ကဋ္ဌများ၊ ရပ်ကွက်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များက ကူညီပံ့ပိုး ဆောင်ရွက်ပေးကြသည်။ **(၉၂)**

# ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)ပညာရည်ချွန်ဆုပေးအပ်ပွဲ တက်ရောက်ချီးမြှင့် ရွှေလီ-မန်စံ-ရွှေစာရံ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၀

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပသော ရှမ်းပြည်နယ်(မြောက်ပိုင်း) ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။**

အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် ဇနီး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်၊ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား မိဘများ၊ဆရာ ဆရာမများနှင့် ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုခြင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ ပညာရေးမြှင့်တင်မှုဆိုင်ရာ ပညာရေး ဝေပဒေသာပင် စိုက်ထူ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❐





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နမ္မတူမြို့နယ် မန်စံကျေးရွာရှိ ရွှေလီ-မန်စံ-ရွှေစာရံ (၂၃၀)ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဝွေးချိုရေလှောင်တမံ ဖွင့်ပွဲအခမ်းအနား ကျင်းပ ဒေသဆန်ဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေး အထောက်အကူပြုနိုင်

နေပြည်တော် ဩဂုတ် ၂၀

**မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တည်ဆောက်ပြီးစီးသွားသော ဝွေးချိုရေလှောင်တမံဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီတွင် အဆိုပါရေလှောင်တမံ၌ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။**

ဖွင့်ပွဲအခမ်းအနားတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ပခုက္ကူခရိုင် ဒေသဆန်ဖူလုံရေး၊ စိမ်းလန်း စိုပြည်ရေးအတွက် ဆည်၊ ကန်၊ တမံယေ ၇၁ ခုကို စီမံချက်ချမှတ်၍ ဆောင်ရွက်ခဲ့ကြောင်း၊ ဆည်ငယ်၊တမံငယ် ၇၁ ခုအနက် ကျန်ရှိသည့်၄၇ခု အကျိုးပြု ဧရိယာ၇၅၉၂ဧကကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီး ဌာနမှ တာဝန်ယူတည်ဆောက်ခဲ့ရာတွင်

**စာမျက်နှာ ၉ ကော်လံ ၃ သို့** ⇨




## ဝွေးချိုရေလှောင်တမံ

**ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဝွေးချို ရေလှောင်တမံကို တွေ့ရစဉ်။** (လယ်/ဆည်)

## လေဖိအားနည်းရပ်ဝန်း အားပျော့ ပျက်ပြယ်သွား

**နေပြည်တော် ဩဂုတ် ၂၀**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည်အားပျော့ ပျက်ပြယ်သွားပြီ ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။ (သတင်းစဉ်)